မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၂၃ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၉၁)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

အီဂျစ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၁၀ ခုနှစ် ဇူလိုင် ၂၃ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာမိုဟာမက် ဟို(စ်)နီမူဘာရက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရာဇူဒိုင်တံတား အမှတ်(၁)အား ဖြတ်သန်းကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရာဇူဒိုင်တံတား အမှတ်(၁)တံတားအား ဖြတ်သန်းကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန်

အီဂျစ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၁၀ ခုနှစ် ဇူလိုင် ၂၃ရက်တွင်ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာအာမက် နာဇစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်မှု အလားအလာများ အရှိန်အဟုန်မြင့်မားကောင်းမွန်နေ

ဧရာဝတီတိုင်းသည် ရေကြောင်းသာမက မီးရထား၊ မော်တော်ကားလမ်းများနှင့်ပါ ပြည်ထောင်စု၏ ဒေသအသီးသီးကို ကူးလူးဆက်သွယ် သွားလာနိုင်တော့မည်

မကြာခင်ကျင်းပမည့် ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး တိုင်းရင်းသားပြည်သူများ ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီပါဝင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့ နံနက် ၇နာရီ မိနစ် ၂၀တွင် ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာရာ ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့သို့ နံနက် ၈နာရီတွင် ရောက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✳



ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ရာဇူဒိုင်တံတား အမှတ်(၁)ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၂၃ရက်)

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာမည်

ဟသ်ာတ-နေမြို့-စကြော့(ညောင်တုန်း)ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ဟသ်ာတ-ဇလွန်လမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ဧရာဝတီတိုင်း ဟသ်ာတမြို့ရှိ ဟသ်ာတဘူတာယာဒ်ဝင်းအတွင်း၌ ဇူလိုင်လ ၂၁ရက်နေ့က ကျင်းပခဲ့သည်။

ဟသ်ာတ-ဇလွန်လမ်းပိုင်းသည် ဟသ်ာတ-နေမြို့-စကြော့(ညောင်တုန်း) ရထားလမ်း ၄၈မိုင် ဖောက်လုပ်ရေးစီမံကိန်းမှ အရှည်မိုင် ၁၆ဒသမ၂၅ မိုင်ရှိသည့် ရထားလမ်းပိုင်းဖြစ်သည်။

ယင်းရထားလမ်းသည် ပုသိမ်(ဘဲဂရက်)-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ)ရထားလမ်းနှင့် ဧရာဝတီတံတား(ညောင်တုန်း)အနီး၌ ဆက်စပ်ပေါင်းဆုံပြီး ယင်းတံတားမှတစ်ဆင့် ရထားလမ်းဖြင့် ရန်ကုန်သို့ ခရီးဆက်သွားနိုင်မည်ဖြစ်သည်။ ရထားလမ်းပြီးစီးသွားပါက ဧရာဝတီတိုင်း၏ ဒေသထွက်ကုန်များဖြစ်သော ဆန်စပါး၊ ပဲအမျိုးမျိုးစသည့် လယ်ယာထွက်ကုန်များနှင့် ရေထွက်ကုန်ပစ္စည်းများကို ကုန်ကျစရိတ် သက်သာစွာဖြင့် ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း မြေမျက်နှာပြင်အနေအထားအရ ရေခြားမြေခြားမှုများကို တစ်ဆက်တစ်စပ်တည်းဖြစ်ရန် နိုင်ငံအတွင်း နယ်စပ်ဒေသများပါမကျန် လမ်း၊ တံတားများအပါအဝင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို မဟာဗျူဟာကျကျ အကွက်ချ၍ ဘဏ္ဍာငွေ အမြောက်အမြား အကုန်အကျခံကာ တည်ဆောက်ပေးလျက်ရှိသည်။

၁၉၈၈ခုနှစ်မတိုင်မီက ရထားလမ်းခရီးမိုင်ပေါင်း ၁၉၇၆မိုင်၊ ဘူတာရုံပေါင်း ၄၈၇ရုံသာရှိခဲ့ရာမှ ယခုအခါ မီးရထားလမ်းမိုင် ၃၄၇၁မိုင်၊ ဘူတာရုံပေါင်း ၈၈၄ရုံ တိုးတက်တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။ ယခုအခါ နိုင်ငံတော်အစိုးရသည် ရိုးမတောင်တန်းကြီးများကို ဖြတ်ကျော်ဖောက်လုပ်ထားသည့် အရှေ့-အနောက်ရထားလမ်းများ၊ မော်တော်ကားလမ်းအသစ်များ ဖြာထွက်လာခြင်းနှင့်အတူ တံတားကြီးငယ်ပေါင်းများစွာကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။

ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးအခြေခံအဆောက်အအုံများသည် အထူးအရေးပါသော အခန်းကဏ္ဍတွင်ပါဝင်လျက်ရှိရာ လမ်းပန်းဆက်သွယ်ရေး တိုးတက်လာသည်နှင့်အမျှ ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုများ တစ်ဆက်တစ်စပ်တည်း ဖြစ်လာပြီး တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်မြင့်မားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးစပါးစိုက်ပျိုးမှုနှင့် လမ်းလုပ်ငန်းဆောင်ရွက်မှု တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၂

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက ကျိုင်းတုံ-မိုင်းခတ်ကားလမ်းတစ်လျှောက် မိုးစပါးများ စိုက်ပျိုးနေမှု၊ လမ်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဝမ်တာပုံတံတား ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိုင်းယန်းမြို့ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် မိုင်းယန်းမြို့ (၂၅)ခုတင်ဆံ့ ဆေးရုံသစ်တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးမောင်ဦး ကယားပြည်နယ် လွိုင်ကော်မြို့၌ ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

လွိုင်ကော်နှင့် ဟိုပုံးမြို့နယ်တွင် ဝန်ထမ်းများအား ဝန်ကြီး ဦးမောင်ဦး တွေ့ဆုံမှာကြား

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးမောင်ဦးသည် ဇူလိုင် ၁၇ရက် မွန်းလွဲပိုင်းက ကယားပြည်နယ် လွိုင်ကော်မြို့၌ ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား တွေ့ဆုံ၍ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ဝန်ထမ်းများ ဝန်ထမ်းစည်းကမ်းနှင့်အညီ ဝန်ထမ်းကောင်းဖြစ်အောင် ဆောင်ရွက်ရေး၊ အဂတိလိုက်စားမှု ကင်းရှင်းအောင် ဆောင်ရွက်ကြရန်မှာကြားကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်သည့်အနေဖြင့် နောင်ချိုမြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ ဈေးများနှင့် ရပ်ကွက်များတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇွန် ၂၁ရက်က အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်ကြီးကြပ်လျက် နောင်ချိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ကယားပြည်နယ် လွိုင်ကော်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ တပ်ဖွဲ့ဝင်မိသားစုများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ လွိုင်ကော် အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တွေ့ဆုံ

ဝန်ကြီးသည် ဇူလိုင် ၁၈ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား တွေ့ဆုံသည်။

ထို့နောက် ဝန်ကြီးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသစ် လက်ခံရရှိရေးနှင့် ရုံးနေရာချထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၇-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်၊
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ဗုဒ္ဓနည်းကျဘဝနေနည်း** တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုနက္က)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ကူညီပေးမည် မြန်မာနိုင်ငံကြက်ခြေနီ
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၅)
- ၈:၃၀ Sports World
- ၉:၀၀ တစ်ဦးချင်းဖွံ့ဖြိုးမှုမှသည် အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးမှုဆီ . . .
- ၉:၁၅ Activities in the City (မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်သြဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းသဘင်)
- ၉:၄၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီစံရှားတင်) (အပိုင်း-၁)
- ၁၀:၃၀ ပါသစ်နှင့်သူ၏ကဗျာသစ်လေးများ
- ၁၀:၄၅ ထူးဆန်းအံ့မခန်း Bio Energy Pendant အစွမ်း
- ၁၁:၀၀ VJ Choice
- ၁၁:၃၀ **သူ့ဘဝ....သူ့လက်ရာ** ဦးတင်အေး(မန္တလေး)
- ၁၁:၄၀ Say It In English
- ၁၁:၅၅ ရင်ခုန်ခံစား လူငယ်ကျွမ်းဘား
- ၁၂:၁၅ မမေ့နိုင်စရာ.... ရှမ်းရိုးရာအစားအစာ
- ၁၂:၃၀ ငှက်များစောင့်ကြည့်လေ့လာခြင်း (လှော်ကားဥယျာဉ်)
- ၁၂:၄၀ ဘေးကင်းရန်ကျော် မြတ်စေတီတော် ဌာပနာပိတ်ပွဲမင်္ဂလာ
- ၁:၀၀ **ဗုဒ္ဓနည်းကျဘဝနေနည်း** တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုနက္က)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင် ဇော်မိုင်းနှင့် တွေ့ဆုံခြင်း)
- ၃:၂၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၅)
- ၄:၁၀ ပါသစ်နှင့်သူ၏ကဗျာသစ်လေးများ
- ၄:၂၀ တစ်ဦးချင်းဖွံ့ဖြိုးမှုမှသည် အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးမှုဆီ....
- ၄:၃၅ ငှက်များစောင့်ကြည့်လေ့လာခြင်း (လှော်ကားဥယျာဉ်)
- ၄:၅၀ ရင်ခုန်ခံစား လူငယ်ကျွမ်းဘား
- ၅:၀၅ Activities in the City (မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်သြဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းသဘင်)
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ World of Knowledge (Is It Real ? King Arthur)
- ၇:၀၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာမေမြတ်ဝါဆိုနှင့် တွေ့ဆုံခြင်း)
- ၇:၂၀ ပန်းချီပြခန်း (Free of Charge ပန်းချီပြပွဲ)
- ၇:၃၀ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ VJ Choice
- ၉:၀၀ သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင် ဇော်မိုင်းနှင့် တွေ့ဆုံခြင်း)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၅)
- ၁၀:၀၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ကဏန်းပျော့မွေးမြူထုတ်လုပ်ရေး)
- ၁၀:၁၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာမေမြတ်ဝါဆိုနှင့် တွေ့ဆုံခြင်း)
- ၁၀:၂၅ ထူးဆန်းအံ့မခန်း Bio Energy Pendant အစွမ်း
- ၁၀:၄၀ ကူညီပေးမည် မြန်မာနိုင်ငံကြက်ခြေနီ
- ၁၀:၅၅ ပန်းချီပြခန်း (Free of Charge ပန်းချီပြပွဲ)
- ၁၁:၀၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၁:၁၅ ဘေးကင်းရန်ကျော် မြတ်စေတီတော် ဌာပနာပိတ်ပွဲမင်္ဂလာ
- ၁၁:၃၀ **မြူတိမ်ကင်းသောနေ့** (အကယ်ဒမီထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ စိုးမိုးကြည်၊ ပုလဲဝင်း) [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
- ၁၁:၄၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အမှာစကား ပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းစက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းစက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီလုပ်ငန်းညှိနှိုင်း

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်းစက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းတို့က လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက မိမိတို့လက်ရှိလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၇-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၅ ၇။ ကြေးမုံရိပ်သွင် တေးနုယဉ်
၈:၂၀ ၈။ အကပြိုင်ပွဲ
၈:၃၀ ၉။ **ငါးရစ်မျိုးငါး တို့မစား**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၂၅ ၄။ အတီးပြိုင်ပွဲ
၄:၃၅ ၅။ နှောင်းခေတ်တေးပဒေသာ
၄:၄၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅:၀၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၁၅ ၉။ တေးဂီတအစီအစဉ်
၅:၃၅ ၁၀။ **ရိုးသားဖြူစင်ကလေးတို့အသွင်**
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ရသစုံလင် အင်တာနက်ဥယျာဉ်
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆုံးလွှမ်းသောချစ်နှင်းဆီ** (ဒုတိယပိုင်း) (အပိုင်း-၁၉)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ငါတို့ခွန်အား** (မျိုးကြီး၊ တေးရေး-လင်းလင်း)
၁၉။ လျှပ်တစ်ပြက်ဟာသများ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ပထမပိုင်း) (အပိုင်း-၆)
၂၁။ သီချင်းချစ်သူ **(မီးမီးခဲ)**

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း အီရန်နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၃

၂၀၁၀ ခုနှစ် ဇူလိုင် ၂၃ရက်တွင် ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာအာမက် အာဘူဂိုက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တွေ့ဆုံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ရန်ကုန်တိုင်းတာဝန်ခံ) ဒေါက်တာတင်အောင်အေး သုံးခွမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များအား တွေ့ဆုံစဉ်။ (မြို့နယ်ကော်မရှင်)

ရောဝတီမြစ်ကူး အနော်ရထာတံတား(ချောက်) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်ကြောင်း နိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၂၂

ဧရာဝတီမြစ်ကူး အနော်ရထာတံတား(ချောက်) ရေလမ်းကြောင်းတွင် ရေယာဉ်များသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃) အကြားမှလည်းကောင်း ဖွင့်လှစ်ထားသည်။ ယခုအခါ ရေများသည့်ကာလသို့ ရောက်ရှိပြီး ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၀ခုနှစ် ဇူလိုင် ၂၃ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့်(၆) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၄)နှင့် (၅)အကြားမှ လည်းကောင်း ပြောင်းလဲသတ်မှတ် ဖွင့်လှစ်မည်ဖြစ်သည်။

ပြသထားမည်

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ရှိ၍ ကင်းလွတ်အမြင့်မှာ ၁၇မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားမည်၊ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်းပြသထားမည်။

သတိပြု

ပြောင်းလဲမည့် ရေလမ်းကြောင်းအသစ်မှာ တံတား၏အထက်ဘက်ရှိ ယောချောင်းနှင့် နီးကပ်စွာဖြတ်သန်းရမည်ဖြစ်၍ ယောချောင်းရေကျချိန်ကို အထူးဂရုပြုရန်လိုသည်။ ရေယာဉ်များအနေဖြင့် ယောချောင်းရေကျချိန်တွင် တံတားကို လုံးဝဖြတ်သန်းခြင်းမပြုရန် သတိပြုရမည်။

ထုတ်ပြန်ထား

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲရေယာဉ်များတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ရန်ကုန်တိုင်းတာဝန်ခံ) ဒေါက်တာတင်အောင်အေး သုံးခွမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ရန်ကုန်တိုင်းတာဝန်ခံ) ဒေါက်တာ တင်အောင်အေး၊ ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကို၊ ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြတ်စိုးနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များသည် ဇူလိုင် ၁၄ရက် မွန်းလွဲ ၁နာရီတွင် သုံးခွမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး၌ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် သုံးခွမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များအားတွေ့ဆုံရာ သုံးခွမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်ဝိတ်က ကော်မရှင်လုပ်ငန်းများနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြသည်။

ညှိနှိုင်းဆွေးနွေး

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် (ရန်ကုန်တိုင်းတာဝန်ခံ) ဒေါက်တာတင်အောင်အေးက လူဦးရေ စာရင်းဇယားများ၊ မဲရုံနှင့် မဲပုံးများ လျာထားမှု ကိုက်ညီရေး၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက် မဲရုံနေရာများ သတ်မှတ် ရွေးချယ်မှုစိစစ်ခြင်း၊ မဲစာရင်းများ အတည်ပြုခြင်း၊ မဲစာရင်းပြုစုဆောင်ရွက်ထားရှိခြင်းနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ သင်တန်းပေးမည့် အခြေအနေများအပါအဝင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ကျေးလက်လမ်းများပြုပြင်ရေးအတွက် လမ်းခင်းကျောက်ကြီးများ ရောက်ရှိစုဆောင်းနေခြင်းကို တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းညွန့် ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးဖေဝင်းသူက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)



မူဆယ်စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့

မူဆယ် ဇူလိုင် ၂၂

မူဆယ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီသည် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အသက် (၇၅)နှစ်အထက် မသန်စွမ်းစစ်မှုထမ်းဟောင်းများနှင့် အဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာသင်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၇ရက်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးကိုဇော်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက အသက် (၇၅)နှစ်အထက် အဖွဲ့ဝင်သုံးဦးနှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းရှစ်ဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းစီနှင့် တက္ကသိုလ်၊ အဝေးသင်၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၇၂ ဦးအတွက် ငွေကျပ်သုံးသိန်း တန်ဖိုးရှိ စာအုပ်နှင့် စာရေးကိရိယာများကို ဗိုလ်အောင်ဌွေး (ငြိမ်း)က လှူဒါန်းရာ ဗိုလ်မှူးကြည်စိုး (ငြိမ်း)က လက်ခံ၍ ကျေးဇူးတင်စကားပြောကြားသည်။ **(လားရှိုးကိုယ်ပွား)**

ဥတုရာသီ တောက်ကိုမှီ၍



နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

တရုတ်နှင့်လာအို ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည်

တရုတ်နှင့်လာအိုနိုင်ငံတို့အနေဖြင့် လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်းလက်တွဲဆောင်ရွက်သွားရန် ဇူလိုင် ၂၂ရက်က သဘောတူညီလိုက်ကြသည်။ ထိုသို့ သဘောတူညီမှုကို တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော လာအိုဒုတိယဝန်ကြီးချုပ်ဖီချစ်နှင့် တရုတ်ကာကွယ်ရေး ဝန်ကြီး လန်ဂေါင်လီတို့ တွေ့ဆုံဆွေးနွေးပြီးနောက် သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

တူရကီ၌ ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲ

အီရန်မှ တူရကီနိုင်ငံသို့ ပေးပို့နေသော ဓာတ်ငွေ့ပိုက်လိုင်းသည် တူရကီနိုင်ငံ အရှေ့ပိုင်း တာကစ်မြို့အနီးတွင် ဇူလိုင် ၂၂ရက်က မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ အရေးပေါ်မီးငြိမ်းသတ်နေပြီး မီးလောင်မှုကြောင့်ပျက်စီးဆုံးရှုံးမှုများကို နှစ်နိုင်ငံတို့က ညှိနှိုင်းလျက်ရှိသည်။

အစ္စရေးလေယာဉ်များတိုက်ခိုက်၊ ပါလက်စတိုင်းနှစ်ဦး သေဆုံး

ပါလက်စတိုင်း ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းသို့ အစ္စရေးလေယာဉ်များက ဇူလိုင် ၂၂ရက်က တိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်းနှစ်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများကပြောကြားသည်။

ရုရှား၌ နှစ် ၁၃၀ အတွင်း အပူချိန်အမြင့်ဆုံးဖြစ်ခဲ့

ရုရှားနိုင်ငံအလယ်ပိုင်းဒေသများတွင် ဇူလိုင် ၂၂ရက်က အပူချိန် ၄၀ဒီဂရီဆဲလ်စီးရပ်စ်အထိရှိခဲ့ရာ ရုရှားနိုင်ငံ၏ နှစ်ပေါင်း ၁၃၀အတွင်း အပူချိန်အမြင့်ဆုံးဖြစ်ခဲ့ကြောင်း၊ အပူဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ကြရကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

အာဖဂန်တွင် ရုရှားစစ်ဘက်ရဟတ်ယာဉ်များ ပြည့်မည်

ရုရှားနိုင်ငံပိုင် ရဟတ်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီက အာဖဂန်နစ္စတန် စစ်ဘက်အတွက် ရဟတ်ယာဉ်များဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ ယင်းရဟတ်ယာဉ်များမှာ အမ်အိုင်-၁၇ အမျိုးအစားများဖြစ်ကြောင်း၊ အမေရိကန်တို့နှင့် သဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်း ရုရှားအရာရှိများက ဇူလိုင် ၂၂ရက်၌ သတင်းထုတ်ပြန်သည်။

ဗင်နီဇွဲလား၌ လေယာဉ်ပျက်ကျ

ဗင်နီဇွဲလားနိုင်ငံအနောက်ပိုင်း လာရာပြည်နယ် ဘာကွီစီမီတိုမြို့အနီးတွင် ဇူလိုင် ၂၂ ရက်က စစ်ဘက်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူးနှစ်ဦး အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း၊ လေယာဉ်မှာ လေ့ကျင့်ပျံသန်းစဉ် မတော်တဆ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဗင်နီဇွဲလားအရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

ယူကရိန်းနှင့် အစ္စရေးတို့ ဗီဇာမဲ့သွားလာနိုင်ပြီ

ယူကရိန်းနှင့် အစ္စရေးနှစ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများတွေ့ဆုံကာ နှစ်နိုင်ငံ ခရီးသွားများအနေဖြင့် ရက် ၉၀ ဗီဇာမဲ့နေထိုင်ခွင့်ရရှိရေး သဘောတူညီချက်ကို ဇူလိုင် ၂၂ ရက်၌ လက်မှတ်ရေးထိုးလိုက်ကြကြောင်း သတင်းထုတ်ပြန်သည်။

ဟောင်ကောင်၌ စာအုပ်ပြပွဲကျင်းပမည်

တရုတ်နိုင်ငံ ဟောင်ကောင်၌ ဇူလိုင် ၂၇ ရက်မှ စတင်ကာ စာအုပ်ပြပွဲတစ်ရပ်ကျင်းပမည်ဖြစ်ရာ နိုင်ငံပေါင်း ၂၂နိုင်ငံမှ ပြပွဲပါဝင်ခင်းကျင်းပြသသူ အနည်းဆုံး ၅၁၀ခန့် လာရောက်ပြသမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားအရှေ့ပိုင်း၌ လှေျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း မာလူကူပြည်နယ်ကမ်းလွန်တွင် ရစ်ချ်တာစကေး ၆ ဒသမ ၃ရှိသော လှေျင်တစ်ခု ဇူလိုင် ၂၂ရက် နံနက်က လှုပ်သွားကြောင်း၊ ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်းမရှိကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။ ။ (အင်တာနက်)

နျူကလီးယားဓာတ်အားပေးစက်ရုံ တူရကီ၌ ရုရှားနှင့် ပူးတွဲတည်ဆောက်မည်

အန်ကာရာ ဇူလိုင် ၂၂

တူရကီနိုင်ငံက ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ရုံကို ရုရှားနှင့်ပူးတွဲ ကာတည်ဆောက်သွားမည် ဖြစ်ကြောင်း တူရကီအရာရှိများက ဇူလိုင် ၂၂ရက်၌ သတင်းထုတ်ပြန်သည်။

ခွင့်ပြု

ယင်းနျူကလီးယား ဓာတ်အားပေးစက်ရုံကို တူရကီနိုင်ငံ မာဆင်ပြည်နယ် အက်ကူယူမြို့အနီးတွင် တည်ဆောက်သွားရန် စီစဉ်လျက်ရှိပြီး တူရကီပါလီမန်ကလည်း ဇူလိုင် ၁၅ရက်က ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

ဖြည့်ဆည်း

တူရကီနိုင်ငံ၌ တည်ဆောက်မည့် ယင်းနျူကလီးယား ဓာတ်အားပေးစက်ရုံကြောင့် တူရကီ၏ ဓာတ်အားလိုအပ်မှုကို ၁၄ ရာခိုင်နှုန်းခန့် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း တူရကီစွမ်းအင်အရာရှိများက ပြောကြားသည်။

ယင်းနျူကလီးယား ဓာတ်အားပေးစက်ရုံကို မကြာမီ စတင်တည်ဆောက်မည်ဖြစ်ပြီး ရုရှားက တူရကီ၌ ပထမဆုံး တည်ဆောက်ပေးသည့် နျူကလီးယားစက်ရုံတစ်ရုံလည်းဖြစ်သည်။ **(အင်တာနက်)**



နောက်ဆုံးပေါ်နည်းပညာများ ပေါင်းစပ်ကာ ဒီဇိုင်းပုံစံ ဆန်းသစ်ထုတ်လုပ်ထားသည့် အဲဘတ်စ်ခရီးသည်တင် လေယာဉ်အမျိုးအစားသစ်ကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့ပေါ်၌ ဇူလိုင် ၂၂ရက်က စမ်းသပ်မောင်းနှင်ပျံသန်းနေစဉ်။ (အင်တာနက်ဓာတ်ပုံ)



တရုတ်နိုင်ငံ မြစ်ဝါမြစ်အတွင်း ရေနံယိုဖိတ်မှုကြောင့် ဒါလင်မြို့အနီး ကမ်းခြေသို့ ပျံ့နှံ့လာသော ရေနံများကို ဒေသခံများ စုပေါင်းရှင်းလင်းနေကြသည်ကို ဇူလိုင် ၂၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် ရေကြီး ၃၂ဦး သေဆုံး၍ ၃၈ ဦးပျောက်ဆုံး

ချန်ဒူ ဇူလိုင် ၂၂

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် ဇူလိုင် ၁၇ရက်က စတင်၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်ပြီး အနည်းဆုံး ၃၂ဦးသေဆုံး၍ ၃၈ဦးပျောက်ဆုံးနေကြောင်း ပြည်နယ်ရေလွှမ်းမှုထိန်းချုပ်ရေးအဖွဲ့က ဇူလိုင် ၂၁ရက်တွင် ပြောကြားလိုက်သည်။ အဆိုပါမိုးသည် ပြည်နယ်အတွင်းရှိ မြို့များနှင့် စီရင်စု ၂၀တွင် သည်းထန်စွာရွာသွန်းခဲ့ပြီး ဇူလိုင် ၂၁ရက်တွင် မိုးစဲသွားသည်ဟု ဆိုသည်။

ဆုံးရှုံး

တရုတ်နိုင်ငံတွင် ရေလွှမ်းမှုဒဏ်ကို ၈၅မြို့နယ်၌ ကြုံတွေ့နေရပြီး ဒေသခံ ၁၁ဒသမ ၉၆ သန်းခန့် ရေဘေးဒုက္ခ ခံစားနေရသည်။ အိုးအိမ် ၅၆၀၀၀ ပျက်စီးခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ဘီလီယံဖိုး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ရေဘေးဒုက္ခသည်များထံသို့ သောက်ရေသန့် ပုလင်း ၆၀၀၀၀၀နှင့် အစားအစာများကို ပြည်နယ်ရေလွှမ်းမှုထိန်းချုပ်ရေးအဖွဲ့က ဖြန့်ဝေပေးလျက်ရှိပြီး ၎င်းတို့အား ဆေးဝါးများလည်း ထောက်ပံ့ပေးလျက်ရှိသည်။ *အမ်အင်န်အေ၊ ဆင်ဟွာ*

ရုရှားနိုင်ငံ အရှေ့ဖျားဒေသ၌ အာကာသစခန်းသစ်တည်ဆောက်မည်

မော်စကို ဇူလိုင် ၂၂

ရုရှားအစိုးရက နိုင်ငံအရှေ့ဖျားဒေသ၌ အာကာသစခန်းသစ်တစ်ခု တည်ဆောက်ရန် အမေရိကန်ဒေါ်လာ သန်း ၈၀၀ သုံးစွဲသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဗလာဒီမာပူတင်က ဇူလိုင် ၂၀ရက်က ကြေညာထားသည်။ **(အောက်ပုံ)**

ပြောကြား

အဆိုပါ အာကာသစခန်းတည်ဆောက်ရခြင်းမှာ ဆိုဗီယက်ခေတ်က တည်ဆောက်ခဲ့သော ကာဇက်စတန်နိုင်ငံရှိ ဘိုင်ကိုနာ အာကာသစခန်းကို မှီခိုအားထားရခြင်းမှ ကင်းဝေးစေရန်ဖြစ်ကြောင်း ဗလာဒီမာပူတင်က ဆက်လက်ပြောကြားသည်။

ယင်းအာကာသစခန်းကို တရုတ်နယ်စပ် အာမာဒေသအရှေ့ဖျားရှိ ယူဂလီဂေါ့စ်မြို့အနီး၌ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ၎င်းအာကာသစခန်းမှ အများပြည်သူများနှင့်ဆိုင်သော ဒုံးပျံများ လွှတ်ပေးမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် စတင်ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ ယင်းအာကာသစခန်းသစ်ကို ကျွမ်းကျင်ပညာရှင် ၃၀၀၀၀ဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အကျယ်အဝန်း စတုရန်းကီလိုမီတာ ၇၀၀ ကျယ်ဝန်းပြီး ဒုံးပစ်စင်၊ အဆင့်မြင့်နည်းပညာသုံး နေအိမ်များနှင့် ဓာတ်ခွဲခန်းများလည်းပါရှိမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘာကူဘာမြို့၌ ကားဗုံးခွဲ တိုက်ခိုက် လူ ၃၀ သေဆုံးပြီး ၄၀ကျော် ဒဏ်ရာရရှိ

ဘာကူဘာ ဇူလိုင် ၂၂

အီရတ်နိုင်ငံ ဘာကူဘာမြို့ဈေးအနီး ဇူလိုင် ၂၂ရက်က ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားရာ ၃၀ဦး သေဆုံးပြီး ၄၀ကျော် ဒဏ်ရာရရှိကြောင်း ဘာကူဘာမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွား

ဘဂ္ဂဒက်မြို့မြောက်ဘက် ၄၅မိုင်ခန့်အကွာ ဘာကူဘာမြို့တွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူအများအပြားမှာ အမျိုးသမီးများနှင့် ကလေးငယ်များ ဖြစ်ကြသည်။ ယင်းကားဗုံးဖောက်ခွဲမှုကြောင့် အနီးဝန်းကျင်ရှိ နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့သည်ဟု ရဲတပ်ဖွဲ့ကပြောကြားသည်။

ဒဏ်ရာရရှိ

ဘာကူဘာမြို့တွင် ကားဗုံးခွဲတိုက်ခိုက်မှု ဆက်တိုက်ဖြစ်ပွားလျက်ရှိရာ မကြာမီကလည်း ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ခဲ့သည်။ ယင်းကားဗုံးဖောက်ခွဲတိုက်ခိုက်မှုမှာ ဘာကူဘာမြို့ စားသောက်ဆိုင်တစ်ဆိုင်၌ ဖြစ်ပြီး ခြောက်ဦးသေဆုံးကာ အများအပြား ဒဏ်ရာရရှိခဲ့သည်။

အမိန့်ထုတ်

ဘာကူဘာမြို့သည် ဒီယာလာပြည်နယ်၏ မြို့တော်ဖြစ်ပြီး ဗုံးခွဲတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပေါ်နေသဖြင့် ဇူလိုင် ၂၂ရက်မှ စတင်ကာ ညမထွက်ရ အမိန့်ကို လုံခြုံရေးတပ်ဖွဲ့က ထုတ်ပြန်ထားသည်။ ပြီးခဲ့သည့် ဇူလိုင် ၁၉ရက်ကလည်း ဒီယာလာပြည်နယ်အတွင်း ကင်းလှည့်နေသော အမေရိကန် ကင်းလှည့်ယာဉ်တန်းအား လမ်းဘေးဗုံး ဖောက်ခွဲ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။ *(အင်တာနက်)*

အာဖဂန်မြောက်ပိုင်းတွင် လေယာဉ်ပျက်ကျ

ဘာကာလို ဇူလိုင် ၂၂

အာဖဂန်နိုင်ငံ မြောက်ပိုင်း ဘာကာလိုပြည်နယ် ဒူဆာခရိုင်တွင် လေယာဉ် တစ်စင်းပျက်ကျခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး မိုဟာမက်ကင်က ဇူလိုင် ၂၁ရက်တွင် ပြောကြားသည်။

အဆိုပါလေယာဉ်သည် ဇူလိုင် ၂၁ရက် နံနက်ပိုင်းက ပျက်ကျခဲ့ခြင်းဖြစ်ပြီး အရပ်သားတစ်ဦး သေဆုံးခဲ့ကြောင်း ကင်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။ *(အင်တာနက်)*

ရေဝတီမြစ် ရေဘေးကာကွယ်ရေးတာတမံများခိုင်ခံ့ရေး ကြိုတင်ပြင်ဆင်ထားမှု

လယ်ယာ/ဆည်မြောင်းဝန်ကြီး ဦးဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဇူလိုင် ၁၉ရက် နံနက်ပိုင်းက ရေဝတီတိုင်း မအူပင်ခရိုင် ဓနုဖြူမြို့နယ် ကဇင်းတောကျေးရွာအနီးရှိ ရေဝတီမြစ် ရေဘေးကာကွယ်ရေး ရေဝတီဟင်္သာတ တာမှ ကဇင်းတောပန်းတာ ခိုင်ခံ့ရေး ကြိုတင်ပြင်ဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် တောင်သူလယ်သမားများအား စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို မေးမြန်းဆွေးနွေးပြီး ဆင်းသွယ်လတ်စပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဓနုဖြူမြို့နယ် အုန်းပင်ကွင်းကျေးရွာရှိ မျိုးသန့်စပါးအထူးဇုန် ဧက ၁၀၀၀ စိုက်ခင်းနှင့် တောင်သူလယ်သမားများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသည့် ကန္တနက္ခန်းသာ ကုမ္ပဏီလီမိတက်၏ ပျိုးစေ့ထုတ်စံပြစိုက်ကွင်းတို့၌ မျိုးသန့်စပါး စိုက်ပျိုးထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဟင်္သာတမြို့နယ် ဒူးယားကျေးရွာ၌ ဖြည့်စွက်ရေရရှိရန် လယ်ယာကွက်များ၌ ရေတွင်းတူးဖော်၍ စပါးစိုက်ပျိုးမှု၊ စက်ဖြင့်ထွန်ယက်မြေပြုပြင်မှုတို့ကို ကြည့်ရှုပြီး ဒူးယားကျေးရွာနှင့် ဟင်္သာတမြို့အကြား၌ မိုးစပါးစိုက်ပျိုးမှုနှင့် ဖြစ်ထွန်းအောင်မြင်နေသော စပါးခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်

နေပြည်တော် ဇူလိုင် ၂၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်သည် ဇူလိုင် ၁၂ရက် နံနက်ပိုင်းက ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသော ရှမ်းပြည်နယ်(မြောက်ပိုင်း)ရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက်တိုင်းမှူးသည် ဇူလိုင် ၁၆ရက်တွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် လားရှိုးမြို့ ပြည်ထောင်စုကန်သာယာ သဘာဝဥယျာဉ်သို့ ရောက်ရှိပြီး ရပ်ကွက်နေပြည်သူများအား နှစ်စဉ်သောက်သုံးရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်ရေးအတွက် ရေစုကန်များအတွင်း သောက်သုံးရေသွယ်ယူ သိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

ရေဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၇ရက် (စနေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ မိုးညှင်းဝိပဿနာ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ရေဦးမြို့နယ်သူ မြို့နယ်သားများနှင့် အသင်းသူအသင်းသားများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဗိုလ်မှူးကြီးကြည်မောင် (ငြိမ်း) ဖုန်း-၅၅၆၈၄၀၊ ဦးကိုကိုကြီး ဖုန်း-၅၀၁၇၁၁၊ ဦးသန်းဆွဲ ဖုန်း-၆၆၁၇၂၆၊ ဦးဘအုပ် ဖုန်း-၇၀၃၃၄၁နှင့် ဦးမြ ဖုန်း-၀၉-၅၁-၇၇၆၇၄တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်-နေ့လယ်-ည)

၂၄-၇-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၇း၀၅ နိုင်ငံတော်သီချင်း+ ကြေညာချက်
တရားတော် **(ပုဗ္ဗဏှသုတ်)**
၇း၂၀ ဓမ္မပူဇာတေးပဒေသာ
၇း၂၅ (၃၈)ဖြာမင်္ဂလာ
နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
နံနက်ခင်းတေးပဒေသာ
၈း၂၀ လောကနီတိအသိရှိစေဖို့
(ရှိခိုးကန်တော့ခြင်း)
တေးပဒေသာ
၈း၄၀ ဘဝအသွင်ကဗျာ့အမြင်
(ချစ်မိုးဖြိုင်ဖြိုင်လဇူလိုင်....)
တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၂၀ သတင်းစာအာဘော်
၁၀း၂၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ကလေးအစီအစဉ်
(ကလေးများအတွက် ပုံပြင်-
ဝီရိယရှင် ပုံပြင်)
၁၁း၂၀ အာဆီယံအစီအစဉ်
နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ဇာတ်လမ်းပမာနားဆင်စရာ
အနှစ် (၂၀)ကြာပြီးနောက်
တေးပဒေသာ
၁၂း၀၀ စံတော်ချိန်
ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့် (၅၉)
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ
(ဝါဆို)
၁၂း၃၀ ဟန်မျိုးစုံညီတေးကိုသီ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ်
(အထက်တန်း-ရူပဗေဒ)
တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ လေလှိုင်းကြားကမ္ဘာ့တင်သံ
၁၇း၁၅ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ခေတ်မရွေးသောတေးများ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၄၅ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀ နိုင်ငံတကာသတင်း
နိုင်ငံရေးဦးတည်ချက်
၁၉း၁၀ တေးပဒေသာ
၁၉း၁၅ သူ့အကြိုက် သူ့အသွင် (ပုလဲဝင်း)
၁၉း၃၀ ကျန်းမာရေးရာသိကောင်းစရာ
(ဆေးဖက်ဝင်မန်ကျည်းသီး)
တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ သံစဉ်တေးသွား မေတ္တာစကား
စီးပွားရေးဦးတည်ချက်
၂၀း၃၀ သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၂၀း၄၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁း၀၀ Radio Internet (22)
၂၁း၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
ညချမ်းချိန်ခါ တေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန စက်ခန်းဝန်ထမ်းများ မွမ်းမံသင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန စက်ခန်းဝန်ထမ်းများ မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၀)သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင်၂၁ရက် နံနက် ၈နာရီခွဲက ရန်ကုန်မြို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်း ဧရာခန်းမ၌ ကျင်းပရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် **(အောက်ပုံ)**က သင်တန်းဆင်းအမှာစကားပြောကြားပြီး ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်နှင့် ဦးစိုးမြင့်၊ ဒုတိယ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ)တို့က ထူးချွန်ဆုရ သင်တန်းသားများအား ဆုများကို ပေးအပ်ကြသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာဝတ်ရည်စာကြည့်တိုက် အဆောက်အအုံသစ်

ကျောက်တော်မြို့နယ် ကန်သုံးဆင့်ကျေးရွာ၌ဖွင့်

ကျောက်တော် ဇူလိုင် ၂၂

ရခိုင်ပြည်နယ် စစ်တွေခရိုင် ကျောက်တော်မြို့နယ် ကန်စောက်ကျေးရွာအုပ်စု ကန်သုံးဆင့်ကျေးရွာတွင် ဇူလိုင် ၁၀ရက် နံနက် ၉နာရီက ပညာဝတ်ရည်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြသန်း၊ ကန်သုံးဆင့်ကျေးရွာ ဥက္ကဋ္ဌ ဦးမောင်လှဖံနှင့် ရပ်မိရပ်ဖ ဦးကျော်ထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လက်ခံယူ

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မာရေးနှင့် စာအုပ်စာစောင်တိုးပွားရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေး ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူးက ရေဒီယိုနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးထွန်းဝင်းက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ချောလမ်းခင်း

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဝမ်းတွင်းအမှတ်(၁)နယ်မြေ ညောင်ပင်ရပ်ကွက် ရပ်ကွက်ပတ်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၆ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့်တို့ ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

နည်းပညာဆိုင်ရာ အင်ဂျင်နီယာဘွဲ့ သင်တန်းများ ပြင်ဦးလွင်၌ ဖွင့်လှစ်မည်

နေပြည်တော် ဇူလိုင် ၂၂

MCC Training Institute (ရတနာပုံ)ရှိ School of ICT မှ ကွန်ပျူတာ သိပ္ပံဘွဲ့သင်တန်းများဖွင့်လှစ်လျက်ရှိပြီး အသစ်ဖွင့်လှစ်မည့် School of Engineering မှ နည်းပညာဆိုင်ရာ အင်ဂျင်နီယာဘွဲ့သင်တန်းများကို မကြာမီ တိုးချဲ့ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

ပူးတွဲဖော်ပြ

Asian Institute of Technology နှင့် MCC Training Institute (ရတနာပုံ)တို့ ပူးပေါင်းပြီး AIT ၏ နည်းပညာ အင်ဂျင်နီယာဘွဲ့သင်တန်းများကို သင်ကြားပေးမည်ဖြစ်သည်။ MCC Training Institute (ရတနာပုံ)၌ AIT မှ ချီးမြှင့်မည့် B.S.E(Teleco mmunications,Electronics နှင့် Mechatronics) သင်တန်းများကို ၂၀၁၀ခုနှစ် စက်တင်ဘာလတွင် စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ ငါးနှစ်ဖြစ်ကာ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်များကို MCC Training Institute (ရတနာပုံ)တွင် တက်ရောက်ရမည်ဖြစ်ကြောင်း၊ စတုတ္ထနှစ်နှင့် ပဉ္စမနှစ်များကို AIT (Main Campus) တွင် သင်ကြားရမည်ဖြစ်ကြောင်း သိရသည်။သင်တန်းတက်ရောက်ရန် အနိမ့်ဆုံး ပညာအရည်အချင်းမှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ရမည်ဖြစ်ပြီး အနည်းဆုံးရမှတ်စုစုပေါင်း ၃၀၀ ရှိရမည်။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို စတင်လက်ခံနေပြီး ကျောင်းဝင်ခွင့်လျှောက်လွှာတွင် ပညာအရည်အချင်းထောက်ခံချက်၊ အမှတ်စာရင်း၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း (မိတ္တူ)များကို ပူးတွဲဖော်ပြရမည်။

ဆက်သွယ်နိုင်

ကျောင်းဝင်ခွင့်လျှောက်လွှာများကို ရယူရန်နှင့် အသေးစိတ်စုံစမ်းသိရှိလိုပါက MCC (ရုံးချုပ်) အဆောင်(၃-၄) သိမ်ကြီးဈေး(စီ)ရုံ တတိယထပ် ရွှေတိဂုံဘုရားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၅၇၇၅၈၊ ၂၄၅၇၆၂၊ ၂၄၉၁၅၂၊ ၂၄၆၆၃၄ နှင့် MCC Training Institute (ရတနာပုံ)၊ Incubation Center-No(3) ရတနာပုံ နည်းပညာမြို့သစ် ပြင်ဦးလွင်မြို့နယ် ဖုန်း-၀၂-၇၈၀၁၂နှင့် ၀၂-၇၈၀၁၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

ကိုရီးယားသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ အားကစားဝန်ကြီး သူရဦးအေးမြင့်အား လာရောက်တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E Mr. Cho Byung- jae နှင့်အတူ ကိုရီးယားသမ္မတနိုင်ငံ BOOYOUNG Co., Ltd. ဥက္ကဋ္ဌ Dr. Lee Joong Keun နှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ၂နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ ကျောက်စိမ်းခန်းမ၌ လာရောက်တွေ့ဆုံရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေး

ယင်းသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့အကြား နှစ်နိုင်ငံအပြန်အလှန် အားကစားဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးကြသည်။

တက်ရောက်

ယင်းနောက် ဝန်ကြီးသည် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) ပတ္တမြားခန်းမ၌ ကျင်းပသော BOOYOUNG Co., Ltd. က မြန်မာနိုင်ငံ၌ အမေရိကန်ဒေါ်လာ သုံးသိန်းငါးသောင်း တန်ဖိုးရှိသည့် တိုက်ကွမ်ဒိုအားကစားရုံတစ်ရုံ တည်ဆောက်ပေးမည့် သဘောတူညီမှု စာလွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်အား ကိုရီးယားသမ္မတနိုင်ငံ **BOOYOUNG Co., Ltd.** ဥက္ကဋ္ဌ **Dr.Lee Joong Keun** နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း စစ်တွေမြို့၌ အသိပညာပေးဟောပြော

စစ်တွေ ဇူလိုင် ၂၂

ရခိုင်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိကောင်းစရာများ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၇ရက် နံနက် ၈နာရီခွဲက စစ်တွေမြို့ သူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ သင်တန်းတာဝန်ခံများနှင့် သူနာပြုသင်တန်းသူ ၂၈၀ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ပြည်နယ်ဦးစီးမှူး ဦးထွန်းအေးလှိုင်နှင့် စစ်ဆေးရေးမှူး(၃) ဦးပေါ်ကက်တို့က အများပြည်သူသုံးလမ်းပေါ်တွင် မှတ်ပုံတင်မထားရှိသော ယာဉ်များ၊ သက်တမ်းကုန်ဆုံးရက်ကျော်လွန်သော၊ ယာယီရပ်ဆိုင်းထားသော၊ မှတ်ပုံတင်ဖျက်သိမ်းထားသောယာဉ်များ မောင်းနှင်ခွင့်မရှိကြောင်းနှင့် ယာဉ်စည်းကမ်းဆိုင်ရာ သိကောင်းစရာအချက်များကို ဟောပြောသည်။**(အပေါ်ပုံ)**ထို့အပြင် ခြေကျင်လျှောက်သူ၊ စက်ဘီးစီးသူ၊ မော်တော်ဆိုင်ကယ်မောင်းသူများ လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ်ကညန)**

ခြင်ဆေးဖျန်း

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် အင်္ဂပူမြို့ မြို့မဈေးကြီးအတွင်းနှင့် မြို့ပေါ်ရှိ စာသင်ကျောင်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇူလိုင် ၁၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ အနီးကပ်ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

တိ/မွေးကုတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

၁၉၈၂-၈၅ခုနှစ် တိ/မွေးကုတက္ကသိုလ်ကျောင်းဆင်း ကျောင်းသားကျောင်းသူဟောင်းများ၏ ငွေရတုအထိမ်းအမှတ်၊ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်တိုဘာလအတွင်း ကျင်းပမည်ဖြစ်၍ သူငယ်ချင်းများအားလုံး ပြန်လည်ဆုံတွေ့နိုင်ရေးအတွက် မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများလှူဒါန်း လိုပါက ဒေါက်တာ ခင်မောင်မြင့် ဖုန်း-၀၉-၂၀-၁၀၄၇၇၊ ဒေါက်တာဇော်လင်း ဖုန်း-၀၉-၂၀-၀၅၂၈၉၊ ဒေါက်တာ ခင်မောင်ဇော် ဖုန်း-၀၉-၂၀-၂၅၂၈၃၊ ဒေါက်တာတင်ဦး ဖုန်း-၀၉-၈၀-၂၅၁၄၁၊ ဒေါက်တာတင်ဗိုဗို ဖုန်း-၀၉-၅၁-၇၄၂၂၆၊၀၁-၂၂၈၆၆၅၊ ဒေါက်တာခင်မောင်ဝင်း ဖုန်း-၀၉-၅၀-၀၇၇၉၅၊ ဒေါက်တာထွန်းလင်းအောင် ဖုန်း-၀၉-၈၆-၂၅၃၃၊ ဒေါက်တာမြသီတာဖုန်း-၀၁-၇၃၀-၄၉၀၆၇၊ ဒေါက်တာအေးအေးမော် ဖုန်း-၀၉-၅၀-၂၉၀၈၈နှင့် ဒေါက်တာနီနီစိုး ဖုန်း- ၅၄၀၇၃၈၊ ၃၇၃၀၁၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

တာမွေမြို့နယ် ကျောက်မြောင်းသင်္ဂဟလမ်း အမှတ် ၃၂ နေ မိဘများ (ဦးကီ-ဒေါ်ဖေရင်း)နှင့်(ဦးကက်မင်း-ဒေါ်သိန်းရွှေ)တို့အား ရည်စူး၍ သားသမီး ဦးအောင်ကြည်-ဒေါ်ကျင်းဖာ(ခ)ဒေါ်သီသီဝင်း၊မြေး ကိုအောင်နိုင်မိုး -မတင်တင်အေး၊ သား ထက်အောင်နိုင်၊ ကိုမြင့်အောင်-မယုယုလွင်၊ သမီး သွန်းသီရိလွင် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဒေါက်တာ ဒေါ်သီတာလှိုင်နှင့် သူနာပြုအုပ် ဒေါ်မြင့်မေတို့က လက်ခံယူကြစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

မြဝတီရုပ်မြင်သံကြား

၂၃-၇-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၄၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၅၀ ၅။ မဟာဂီတချိုကြည်မြ
- ၅:၀၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၅:၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅:၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **လွှင့်ပြင်ထဲကခြင်္သေ့များ** (အပိုင်း-၃)
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၄။ **ရွှာ** ဟာသဇာတ်လမ်းတွဲ **သာရင်နှင့်မြို့ပြခရီး**(အပိုင်း-၂) မေတ္တာပေါ်လေးဝင်းသပြေထွန်း (ဒါရိုက်တာ-မိုးဇော်ကို)
- ၆:၅၀ ၁၅။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၃၂)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရှင်သန်နေသောသီချင်းများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့သူရဲကောင်း** (အပိုင်း-၆၃)
- ၂၄။ ကျန်းမာခြင်းရဲ့လျှို့ဝှက်ချက်

ပွင့်ဖြူ၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပွင့်ဖြူ ဇူလိုင် ၂၂

ပွင့်ဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၉ရက် နံနက် ၈နာရီက ပွင့်ဖြူမြို့နယ် ရွှေဘိုရွာသစ်ကျေးရွာအနီး မိုင်တိုင်အမှတ်(၂၇) ပွင့်ဖြူ-စလင်း ကားလမ်းမကြီးဘေး ဝဲယာ၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှဋ္ဌေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဦးစီးအရာရှိ ဦးကျော်မိုးဟိန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စိမ်းစိုဦးစီးအရာရှိ ဦးကောင်းညွှန့်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဥယျာဉ်တစ်အုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူများတက်ရောက်ကြပြီး ယူကလစ်၊ တမာ၊ မဲဇလီစသည့်ပျိုးပင်ပေါင်း ၈၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ)**

ဩဂုတ်လထုတ် တေဇရုပ်စုံထွက်ရှိ

ရန်ကုန် ဇူလိုင် ၂၂

ထူးဆန်းရှားပါး တိရစ္ဆာန်များဖြစ်သော လည်ဆံမွေးပါ မျောက်သတ္တဝါတို့၏ မျက်နှာဖုံးဓာတ်ပုံနှင့်အတူ သိပ္ပံစိုးမြင့်နိုင်၊ ဇာနည်တို့၏ ကဗျာများ၊ တင်အောင်နီ၊ သန့်စင်၊ သိက္ခာ၊ လွမ်းမောင်(သုဝဏ္ဏ)၊ အကိန်း၊ ဖေစန်းတို့၏ တေဇတို့အရွယ် ကလေးငယ်တို့အတွက် ပညာပေး လက်ရာမြောက် ကာတွန်းများ၊ မင်းထွန်းဦးနှင့် မောင်မိုးတို့၏ ဆောင်းပါး၊ ဆန်း(ပညာရေး)၏ ပုံပြင်ရှည် Waddi Oo ၏ English For Tayza ကဏ္ဍ၊ ကာတွန်းမောင်ဒင်၏ အဖြေညှိစရာ ပဟေဠိပါ၊ ကလေးတို့၏ အတွေး၊ ကလေးတို့၏အရေး ကဗျာတိုလေးများကို အားပါးတရဖတ်ရှုကြရမည်ဖြစ်ပြီး တေဇရုပ်စုံ စာစီစာကုံးပြိုင်ပွဲ ဆုရစာရင်းနှင့် ဒုတိယဆုရ ကျောင်းသူလေး မသန့်စန္ဒာလင်း၏ ဆုရစာစီစာကုံးပါရှိသည်။

တေဇရုပ်စုံစာစောင်ကို အမှတ်(၁၈၁)၊ ၃၂လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ်(၁၅) တပ်မြေမိုးကောင်း ဘုရားလမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ တို့သို့ မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

စိုက်ပျိုးထား

၄င်းအပြင် ပွင့်ဖြူမြို့နယ်အတွင်း ကျေးလက်အိမ်ရာထူထောင်ရေးလုပ်ငန်းနှင့် လမ်းဘေးဝဲယာများတွင် ကျွန်း၊ ယူကလစ်၊ မဲဇလီပျိုးပင်ပေါင်း ငါးသောင်းကျော်ကို စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သဘာဝဘေးစီမံခန့်ခွဲမှု နည်းပညာအသုံးချ သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိသည်။ သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်မှု အခြေအနေ သုံးသပ်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ် ပေါ်ပေါက်လာသည့်အခါ ဆုံးရှုံးမှု နည်းပါးသည်ထက် နည်းပါးစေရန်အတွက် ခေတ်မီနည်းပညာများကို အသုံးပြုပြီး ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် Myanmar Credent Technology တို့ ပူးပေါင်း၍ သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုအတွက် GIS နှင့် Remote Sensing နည်းပညာ အသုံးချသင်တန်း (GIS and Remote Sensing Applications for Disaster Risk Management) သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းကို ဩဂုတ် ၁၊ ၇၊ ၈၊ ၁၄နှင့် ၁၅ရက် (စနေ၊ တနင်္ဂနွေ) နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၌ ဖွင့်လှစ်သင်ကြား သွားမည်ဖြစ်သည်။

သဘာဝဘေးကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး ဆောင်ရွက်လျက်ရှိသော အစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသင်းဝင်များနှင့် ကျောင်းသားများအတွက် သင်တန်းကြေး ၂၀ ရာခိုင်နှုန်း လျှော့ပေးမည်ဖြစ်ကြောင်းသိရသည်။

စိတ်ဝင်စားသူများအနေဖြင့် Myanmar Credent Technology အဆောင်(၁) အခန်း(၇) Myanmar Info-Tech ဖုန်း-၆၅၂၂၈၅၊ ၆၅၂၂၈၆နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း လှိုင်တက္ကသိုလ်ဝင်း လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း -၅၁၉၆၇၃၊ ၅၁၉၆၇၄၊ ၅၁၉၆၇၅ နှင့် ၅၁၉၆၇၆ တို့သို့ ဆက်သွယ်စုံစမ်း အပ်နှံနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် တက်ရောက်

နေပြည်တော် ဇူလိုင် ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၉ခုနှစ်အတွက် ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၉ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်က အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်ရရှိကြသူများအား ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ထို့နောက်တိုင်းမှူးသည် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

တိုင်းမှူးသည် ဇူလိုင် ၁၁ရက်တွင် တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပျိုးပင်များကို စိုက်ပျိုးပေးကြကာ တိုင်းမှူးသည် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် ညောင်ဦးခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်တွေ့ဆုံ

ညောင်ဦး ဇူလိုင် ၂၂

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်း တာဝန်ခံဦးမြင့်နိုင်၊ မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းပွဲကို ဇူလိုင် ၁၈ရက် နံနက်က ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ညောင်ဦးခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းထွန်းက ညောင်ဦးခရိုင်အတွင်း မဲရုံတည်နေရာများ သတ်မှတ်ထားရှိမှုနှင့် မဲစာရင်းပြုစုမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်သည် မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်ထွန်း၊ ညောင်ဦးခရိုင် ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များလိုက်ပါလျက် ညောင်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ သွားရောက်၍ မဲရုံတည်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

(ခရိုင်ကော်မရှင်အဖွဲ့ခွဲ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

လောင်းလုံ ဇူလိုင် ၂၂

ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကော်မတီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ဟောပြောပွဲကို ဇူလိုင်၆ရက် ညနေ ၃နာရီက လောင်းလုံမြို့ အထက ရတနာခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် ယာဉ်စည်းကမ်းကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်တို့က ပညာပေးလုပ်ငန်းများကို တစ်လလျှင် နှစ်ကြိမ်ဆောင်ရွက်သွားကြရန် ဆွေးနွေးဟောပြောကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဘီလပ်မြေစက်ရုံ(ကျောက်ဆည်) အကြီးစားပြုပြင်မွမ်းမံရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုမ္ပဏီနှင့် စာချုပ် ချုပ်ဆို

နေပြည်တော် ဇူလိုင် ၂၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်၊ မြေထည်လုပ်ငန်း ဘီလပ်မြေစက်ရုံ(ကျောက်ဆည်) အကြီးစားပြုပြင် မွမ်းမံပြင်ဆင်ရေးအတွက် စာချုပ် ချုပ်ဆိုပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီခွဲက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming De.Zhong Trading ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming De. Zhong Trading ကုမ္ပဏီလီမိတက် Managing Director Mr. Na Kang တို့က စာချုပ်ကို လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming De. Zhong Tradingကုမ္ပဏီလီမိတက် Managing Director Mr. Na Kang က ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးအတွင်း မီးဘေးကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇူလိုင် ၁၃ရက်က ဈေးလုံခြုံမှုစစ်ဆေးရေးအဖွဲ့ အမှုဆောင်အရာရှိဦးစောရွှေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင့်နိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဗညားရွှေ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးလှမြင့်တို့ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

နေပြည်တော်လယ်ဝေး၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြော

နေပြည်တော် ဇူလိုင် ၂၂

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၇ရက် မွန်းလွဲ ၁နာရီက နေပြည်တော် လယ်ဝေးမြို့နယ် အောင်သာကျေးရွာ ဘုန်းကြီးကျောင်း၌ကျင်းပရာ နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးအောင်မြင့်ကျော်က နေပြည်တော်ခရိုင်အတွင်း ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများ ဖြစ်ပွားရသည့် အကြောင်းရင်း၊ ယာဉ်တိုက်မှုဖြစ်စဉ်များ၊ ဒဏ်ရာရ သေဆုံးမှုအခြေအနေ၊ လမ်းညွှန် ဆေးရေးအမှတ်အသားနှင့် အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်းစနစ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောပြီး ကျေးရွာဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ကျေးလက်ပြည်သူ၂၅၀တို့ တက်ရောက်ကြသည်။

အလားတူ ဟောပြောပွဲကို ညနေ ၃နာရီခွဲတွင် နေပြည်တော်လယ်ဝေးမြို့နယ် ရဘိန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးအောင်မြင့်ကျော်က ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောပြီး ကျေးရွာဥက္ကဋ္ဌ ဦးဟန်သိန်းနှင့် ကျေးလက်ပြည်သူ ၃၀၀တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စုပေါင်းစိုက်ပျိုး

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ရက်က တောင်ကုတ်မြို့အဝင် ရဲနန္ဒာကန်အနီး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တော ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြပြီး ကျွန်းပင် ၆၀၀ကို စုပေါင်းစိုက်ပျိုးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဇူလိုင် ၂၂

သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ စာအုပ်ထုတ်ဝေ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသော သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၁၀)စာအုပ်ကို ထုတ်ဝေဖြန့်ချိထားပြီးဖြစ်ရာ အမြို့မြို့အနယ်နယ်ရှိ ပြန်/ဆက်ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်၊ အမေ့အိမ်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် ဝယ်ယူနိုင်သည်။

စစ်တုရင်ပြိုင်ပွဲ စာရင်းပေးသွင်းနိုင်

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပမည့် ၂၀၁၀ခုနှစ် အမျိုးသမီးတံခွန်စိုက်နှင့် စီနီယာတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို ဇူလိုင် ၂၉ရက်မှ ဩဂုတ် ၅ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများ စစ်တုရင်အဖွဲ့ချုပ်ရုံးတွင် စာရင်းပေးသွင်းနိုင်သည်။

စီးပွားရေးပညာရပ် ပြိုင်ပွဲကျင်းပမည်

မြန်မာလူငယ် စွန့်ဦးတီထွင်သူများအဖွဲ့က ကြီးမှူး၍ စီးပွားရေးလုပ်ငန်းအစီအစဉ် ရေးဆွဲရေးပြိုင်ပွဲကို ဇူလိုင် ၃၁ရက်တွင် ရန်ကုန်မြို့ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုအသင်းချုပ်(UMFCCI)၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသော စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ လူမှုရေးအသင်းအဖွဲ့များသည် စမ်းချောင်းမြို့နယ် မြေနီကုန်းပလာဇာ သုံးလွှာ အခန်း-ဒီရှိ ဖုန်း-၅၀၀၅၃၃ နှင့် ၅၂၄၄၈၂ တို့သို့ ကြိုတင်စာရင်းပေးဆက်သွယ်နိုင်သည်။

ဂေါက်ရိုက်ပြိုင်ပွဲ ကျင်းပမည်

ရွှေရှင်ရယ်မင်းလာဒ်ဂေါက်ကလပ်မှ ကြီးမှူးကျင်းပသော RMGCC လစဉ်အပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများ ဖုန်း-၆၃၉၄၄၅၊ ၆၃၉၄၄၆နှင့် ၆၃၉၄၄၇တို့သို့ ဆက်သွယ် စုံစမ်းနိုင်သည်။

သွားကျန်းမာရေးဆိုင်ရာ ဟောပြောပွဲ

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၏ ပညာရပ်ဆိုင်ရာ ဟောပြောပွဲကို ဇူလိုင် ၂၄ရက် (စနေနေ့) နံနက် ၉နာရီတွင် နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ အသင်းတည်ရှိရာ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏဝိုင်းကြီးရပ်ကွက် သံသုမာလမ်း အမှတ် ၅၈၂/က ၌ ကျင်းပမည်ဖြစ်သည်။

သစ်ပင်များ အခမဲ့ရယူ စိုက်ပျိုးနိုင်

၂၀၁၀ နိုင်ငံတကာဇီဝမျိုးစုံ မျိုးကွဲနှစ် အထိမ်းအမှတ်အဖြစ် သစ်တောဦးစီးဌာနနှင့် ထူးထရေးဒင်း ကုမ္ပဏီတို့စီစဉ်ကျင်းပသော သစ်ပင်စိုက်ပွဲကို လှော်ကားသဘာဝဥယျာဉ်၌ ဇူလိုင် ၂၄ရက်မှ ၂၆ရက်အထိ နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်ရာ မည်သူမဆို သစ်ပင်များကို အခမဲ့ရယူ၍ စိုက်ပျိုးနိုင်ကြောင်း သိရသည်။

သရုပ်ဆောင်သင်တန်း ဖွင့်မည်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဖွင့်လှစ်မည့် (၁/၂၀၁၀) ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်သင်တန်းကို ဩဂုတ် ၂ရက် (တနင်္လာနေ့)တွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ ဇူလိုင် ၂၃ရက် နောက်ဆုံးထား၍ ဖုန်း-၅၄၄၂၇၀ နှင့် ၅၄၄၂၇၁ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ- ဝင်းကျော်

✻ ရှေ့ဖုံးမှ

ဖွင့်လှစ်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နံနက် ၈နာရီ ၄၅မိနစ်တွင် မော်လမြိုင်ကျွန်းမြို့နယ်ရှိ ရာဇူဒိုင်တံတား အမှတ်(၁)အနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် ရာဇူဒိုင်တံတား အမှတ်(၁)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့သည် ဧရာဝတီတိုင်းအတွင်းရှိ မော်လမြိုင်ကျွန်းမြို့အတွက် အထူးပင် မင်္ဂလာရှိသော နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ တစ်နေရာမှ တစ်နေရာ ခရီးသွားရန် တသီးတခြားဖြစ်ခဲ့ရသည့် မော်လမြိုင်ကျွန်းမြို့ကို လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ မော်တော်ကားလမ်းဟောင်းကို ပြန်လည်ပြုပြင် အဆင့်

> **နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ရာဇူဒိုင်တံတား အမှတ် (၁) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
> (သတင်းစဉ်)

အဖွင့်အမှာစကားပြောကြားပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးထွေးဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ

> ## ရင်းရင်းနှီးနှီးနှုတ်ဆက်
>
> **နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရာဇူဒိုင်တံတား အမှတ်(၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
> (သတင်းစဉ်)

မြင့်တင်ရာတွင် စည်းခြားနေသည့် ရာဇူဒိုင်မြစ်ကြီးကို တံတားသစ်ကြီးနှစ်စင်း ပေါင်းကူးပေးခြင်းဖြင့် ခရီးဖြောင့်အောင် တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ပိုမိုကြီးမား

ရာဇူဒိုင်တံတား အမှတ်(၂)ကို ယခုနှစ် နှစ်ဆန်းပိုင်းကအောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ပြီးခဲ့သည့်နောက် လုပ်ငန်းပမာဏ ပိုမိုကြီးမားများပြားသော ရာဇူဒိုင်တံတား အမှတ်(၁)ကို ယနေ့အချိန်တွင် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်လိုက်ပြီဖြစ်သည့်အတွက် မော်လမြိုင်ကျွန်းမြို့သည် ရေခြားမြေခြား မဟုတ်

> ## ရာဇူဒိုင်တံတား အမှတ်(၁)
>
> **ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ရာဇူဒိုင်တံတား အမှတ်(၁)ကို တွေ့ရစဉ်။**
> (သတင်းစဉ်)

ယခုတည်ဆောက်ပေးလိုက်သည့် တံတားကြီးကို သားစဉ်မြေးဆက်တိုင် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချနိုင်အောင် ကာကွယ်စောင့်ရှောက်သွားကြ၊ ဒီအခြေခံကောင်းတွေကို အကျိုးရှိရှိ အသုံးချပြီး မိမိတို့ အကျိုးစီးပွား၊ ဒေသအကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားတို့ကို အတွက်၊ ပရမ္ပရာတစ္စာ ကြိုးပမ်းဆောင်ရွက်သွားကြ၊ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းညီညွတ်သော စွမ်းအားဖြင့် အခက်အခဲ အတားအဆီး၊ အဖျက်အမှောင့်မှန်သမျှကို ရင်ဆိုင်ဟန့်တားကျော်လွှားကြ။

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ရာဇူဒိုင်တံတား အမှတ် (၁) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

တော့ဘဲ ပတ်ဝန်းကျင်ဒေသများနှင့် ရေကြောမြေကြော တစ်ဆက်တစ်စပ်တည်း ဖြစ်လာခဲ့ပြီဖြစ်ကြောင်း။

ထို့အပြင် မော်လမြိုင်ကျွန်းမြို့ကို ဗဟိုပြုပြီး ဖောက်လုပ်နေသည့် ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-မြောင်းမြ မော်တော်ကားလမ်းကြီး မကြာခင်ကာလတွင် ဖြစ်ပေါ်လာမည်ဖြစ်သည့်အတွက် ဧရာဝတီတိုင်းအတွင်း၌ အရပ်လေးမျက်နှာစလုံးကို ကုန်းလမ်းခရီးဖြင့် ဖြန့်ကြက်ဆက်သွယ်ပြီး ရာသီမရွေး လွယ်လင့်တကူ သွားလာနိုင်တော့မည်ဖြစ်ကြောင်း၊ ဤတံတားကြီး အောင်မြင်ပြီးစီးသွားသည့်အတွက် ခရီးသွားလာရေး အချက်အချာ လမ်းဆုံမြို့တစ်မြို့ ဖြစ်လာသည်နှင့်အမျှ ဤဒေသမှ ထွက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းနှင့် သားငါးထွက်ကုန်များကို မြန်မာနိုင်ငံတစ်နံတစ်လျားသို့ အလွယ်တကူ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်သည့်အတွက် ဤဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများသည်လည်း လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတွင် မကြုံစဖူး အင်အားပြင်းထန်လှသော နာဂစ်မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့သည့် ၂၀၀၈ခုနှစ် မေလဆန်းတွင် ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်များစွာနှင့် စီးပွားရေးလုပ်ငန်းများစွာ ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရသော်လည်း နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ဟန်ချက်ညီညီ ပူးပေါင်းလက်တွဲပြီး ကယ်ဆယ်ရေး၊ နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်သဘာဝဘေး ကာကွယ်ရေးတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် အချိန်တိုတိုအတွင်းတွင် မူလအနေထားထက် သာလွန်တိုးတက်ကောင်းမွန်သော အခြေအနေသစ်တစ်ရပ်ကို ဖန်တီးဖော်ဆောင်ပေးနိုင်ခဲ့သည်ကို မျက်မြင်ထင်ရှား တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

ထူထောင်ပေး

နာဂစ်မုန်တိုင်းနည်းတူ သဘာဝဘေးအန္တရာယ်များ ကျရောက်လာခဲ့ရလျှင် အရေးပေါ် သယ်ယူရွှေ့ပြောင်း ကယ်တင်နိုင်ရေးအတွက်သာမက ဒေသထွက်ကုန်ပစ္စည်းများကို ကုန်းလမ်းခရီးမှ အနယ်နယ်အရပ်ရပ်သို့ သယ်ယူပို့ဆောင်ပေးနိုင်သည့် ကုန်ထုတ်လမ်းမကြီးအဖြစ် အသုံးပြုနိုင်ဖို့ပါ ဘက်စုံအသုံးပြုနိုင်သည့် မော်တော်ကားလမ်းအသစ် ခုနစ်ခုနှင့် လမ်းဟောင်းသုံးခုတို့ကို အသစ်ဖောက်လုပ် ပြင်ဆင်ပေးခဲ့ရာတွင် ယနေ့ ဤအချိန်တွင် မိုင်ပေါင်း ၄၂၀ကျော်ရှိသည့် မြစ်ဝကျွန်းပေါ် လမ်းကွန်ရက်ကြီးတစ်ခုကို လက်တွေ့ကျကျ ထူထောင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်သဘာဝဘေး ကာကွယ်ရေးတို့အတွက် အခြေအနေသစ်တစ်ခုကို ရောက်ရှိလာနေပြီဖြစ်ကြောင်း။

မြစ်၊ ချောင်း၊ အင်း၊ အိုင်များ အထူးပင် ပေါများလှသည့် ဧရာဝတီတိုင်းအတွင်း၌ ယခုကဲ့သို့ မော်တော်ကားလမ်းများ တိုးချဲ့ဖောက်လုပ်ပေးနေရုံသာမက ယခင်ရှိပြီးသား ပုသိမ်-ကြံခင်း ရထားလမ်းကို ဆက်စပ်ပြီး ကြံခင်း-ပခုက္ကူ ရထားလမ်း၊ ပုသိမ်(ဘဲဂရက်)-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်း၊ ဟင်္သာတ-ဓနုဖြူ-စကျော (ညောင်တုန်း)ရထားလမ်းတို့ကိုလည်း ဖောက်လုပ်နေပြီဖြစ်ကြောင်း၊ ယမန်နေ့ကပင် ဟင်္သာတ-ဇလွန်ရထားလမ်းပိုင်းကို ဖွင့်လှစ်ပေးခဲ့ပြီး ကျန်ရှိသည့် ရထားလမ်းပိုင်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဖောက်လုပ်နေပြီဖြစ်သည့်အတွက် ဧရာဝတီတိုင်းသည် ရေကြောင်းလမ်းသာမက မီးရထားလမ်း၊ မော်တော်ကားလမ်းများနှင့်ပါ ပြည်ထောင်စု၏ ဒေသအသီးသီးကို ကူးလူးဆက်သွယ် သွားလာနိုင်တော့မည်ဖြစ်သည့်အတွက် စီးပွားရေး အဖွံ့ဖြိုးဆုံး တိုင်းဒေသကြီး တစ်ခုအဖြစ် ဧကန်မုချရောက်ရှိလာမည် ဖြစ်ကြောင်း။

ဆောက်လုပ်ပေးခဲ့

ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ရာတွင် သဘာဝပထဝီမြေအနေအထားအရ မြစ်ကူးတံတားကြီးများကိုလည်း တစ်စင်းပြီးတစ်စင်း ဆောက်လုပ်လာခဲ့ရာ ယနေ့ ဖွင့်လှစ်လိုက်သည့် ရာဇူဒိုင်တံတား အမှတ်(၁)သည် ဧရာဝတီတိုင်းအတွင်း အစင်း(၅၀)မြောက် ပေ ၁၈၀အထက် စီမံကိန်းဝင် တံတားကြီးတစ်စင်းဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ဧရာဝတီတိုင်းအတွင်း၌ ပေ ၁၈၀အထက် တံတားကြီးလေးစင်းကို တည်ဆောက်နေပြီဖြစ်သကဲ့သို့ ကျန်ပြည်ထောင်စုတစ်ဝန်းတွင်လည်း တံတားပေါင်းများစွာ ဆောက်လုပ်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတာဝန်ကို စတင်ရယူထမ်းဆောင်ချိန်ကစ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦး ခင် မောင် မြင့် ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

အထောက်အကူပြု

မြစ်ဝကျွန်းပေါ် တောင်ဘက်ပိုင်းဒေသသည် မြေဆီမြေနှစ် ကောင်းမွန်ပြီး သဘာဝသယံဇာတအားဖြင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များလည်း အလွန်ပေါများသည့်အတွက် ဆန်စပါး၊ ပဲအမျိုးမျိုး၊ သားငါးနှင့် ဆားအပါအဝင် ရေထွက်ကုန်ပစ္စည်းများ အလျှံအပယ် ထုတ်လုပ်ပေးနေသော ဒေသကြီးတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဆန်အိုးကြီး၊ စပါးကျီကြီးအဖြစ် ခေတ်အဆက်ဆက် ပြည်တွင်းစားသုံးမှုအတွက်သာမက ဒေသတွင်းနိုင်ငံများ၏ စားနပ်ရိက္ခာဖူလုံရေးကိုပါ တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေသည့် ဒေသကြီးလည်းဖြစ်ကြောင်း။

ရာဇူဒိုင်တံတား အမှတ်(၁)

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ရာဇူဒိုင်တံတား အမှတ်(၁)ကို တွေ့ရစဉ်။
(သတင်းစဉ်)

ဟင်္သာတ ဇလွန် မော်ကွန်း

* ဇလွန် ဟင်္သာတ ဟိုတုန်းကတော့
ဝေးလှတာလည်း မဟုတ်ဘဲနဲ့၊
ကျောက်ခဲလမ်းကြမ်း ချိုင့်ဗွမ်းထူပြော
မြေကြော မပြေပြစ် အဆစ်ဆစ်ပိုင်း
လှိုင်းထ တွန့်ခေါက် ခရီးထောက်လို့
အရောက် အပေါက်လည်း နည်းခဲ့သည်။

* နီးလျက်နှင့်ဝေး ဟို ရှေးမဆွ
ဟင်္သာတ ဇလွန်လမ်း မည်မျှကြမ်းလည်း---
ကားလမ်းချောမွေ့ ယနေ့သည်ကား
ရထားလမ်းပေါက် ခရီးရောက်မို့
ခေါက်တုံ့ လူးလာ လွယ်ကူစွာပဲ
သွားလာနိုင်ကြ ပါပြီလေ။

* အော် လမ်းပန်းဆက်သွယ် လွယ်ကူချောမွေ့
ယနေ့ကာလ ဟင်္သာတ ဇလွန်
ပုံရိပ်မွန်ကား၊
နှလုံးသားမှ မော်ကွန်းတင်။ ။

ဟင်္သာတမြင့်ငွေ

နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကို ဦးထိပ်ထားကာ တိကျခိုင်မာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့် ဘက်စုံကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

အကောင်အထည်ဖော်

နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အမျိုးသားလူမှုစီးပွားဘဝ ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကိုချမှတ်ပြီး ဆင်းရဲနွမ်းပါးမှုနှင့် ဆူကြုံနိမ့်မြင့် ကွာဟချက်တွေ နည်းပါးသွားအောင် တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ဆွေ အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

တစ်ချိန်တည်းမှာပင် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်အတွက်လည်း အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်း၊ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ရေးစီမံကိန်းများကိုပါ နှစ်တိုနှစ်ရှည် အမျိုးသားအဆင့် စီမံကိန်းအဆင့်ဆင့်ကို ချမှတ်ပြီး ဘက်စုံထောင့်စုံမှ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် ရရှိဖြစ်ပေါ်လာနေသော ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း။

တီထွင်ဖန်တီး

နိုင်ငံတော်အကြီးအကဲကိုယ်တိုင် နိုင်ငံတော်အတွက် မွန်မြတ်သည့် စေတနာကို အရင်းခံပြီး ဘက်စုံထောင့်စုံ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာများသည်လည်း အရှိန်အဟုန်မြင့်မား ကောင်းမွန်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးစရာရှိသည်များကို ဆောင်ရွက်ပေးနေခြင်းဖြစ်သကဲ့သို့ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့၏ ပေါကြွယ်ဝသည့် အဖိုးတန် ရေ၊ မြေ သယံဇာတများကို ထိထိရောက်ရောက်အသုံးချပြီး အဖွံ့ဖြိုးဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းအတွင်း၌ သဘာဝသယံဇာတများကို အကျိုးရှိရှိ အသုံးချနိုင်မည့် လူသားအရင်းအမြစ်များလည်း အထိုက်အလျောက်ရှိနေပြီဖြစ်သည့်အတွက် တစ်ဦးချင်းရော၊ စုပေါင်း၍ပါ နည်းပညာနှင့် တီထွင်ဖန်တီးမှုများပေါင်းစပ်ပြီး ဘက်စုံထောင့်စုံ မြှင့်တင်ဆောင်ရွက်ကာ အလုပ်ကို ဆတက်ထမ်းပိုး ကြိုးပမ်းလုပ်ကိုင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် အခြေခံအဆောက်အအုံ Infrastructure များကို ပြည်ထောင်စု၏ နယ်မြေဒေသ အစိတ်အပိုင်း အသီးသီးတွင် အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးခဲ့သကဲ့သို့ နိုင်ငံ၏ အနာဂတ်အတွက် *စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

23-7 (08-09).pmd 2 7/23/2010, 1:57 AM

စာမျက်နှာ ၉မှ

နိုင်ငံသား တိုင်းရင်းသားပြည်သူများကိုယ်တိုင် ဖန်တီးဖော်ဆောင်နိုင်စေနိုင်မည့် အပေါ်ထပ်အဆောက်အအုံ Superstructure တိုးတက်ပြောင်းလဲလာစေရေးအတွက်လည်း မူဝါဒလမ်းစဉ် (၇)ရပ်ကို ခိုင်ခိုင်မာမာချမှတ်ပြီး မမှိတ်မသုန် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပဉ္စမအဆင့်ဖြစ်သည့် အထွေထွေရွေးကောက်ပွဲကြီး မကြာခင်အချိန်တွင် ကျင်းပပြုလုပ်တော့မည်ဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍမှ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ကျော်လွှား

နိုဂုံးချုပ်အားဖြင့် ယခုတည်ဆောက်ပေးလိုက်သည့် တံတားကြီးကို သားစဉ်မြေးဆက်တိုင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချနိုင်အောင် ကာကွယ်စောင့်ရှောက်သွားကြပါ၊ ဒီအခြေခံကောင်းတွေကို အကျိုးရှိရှိအသုံးချပြီး မိမိတို့အကျိုးစီးပွား၊ ဒေသအကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားတို့ကို အတ္တ၊ ပရမ္မတစွာ ကြိုးပမ်းဆောင်ရွက်သွားကြပါ၊ နိုင်ငံတော် အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ ပူးပေါင်းညီညွတ်သောစွမ်းအားဖြင့် အခက်အခဲ အတားအဆီး၊ အဖျက်အမှောင့် မှန်သမျှကို ရင်ဆိုင်ဟန့်တားကျော်လွှားသွားကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ပြောင်းလဲရောက်ရှိ

ထို့နောက် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက အမှာစကားပြောကြားရာတွင် ယခုအခါ၌ လမ်းပန်းဆက်သွယ်ရေး အားသာချက်များကြောင့် ဧရာဝတီတိုင်း၏ ဒေသစီးပွားရေးတစ်ခုလုံးသည် ယခင်ကနှင့် မတူတော့ဘဲ ဆန်စပါး၊ သား၊ ငါးစသည့် ဒေသထွက်ကုန်များကို အခြားပြည်နယ်နှင့် တိုင်းများသို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ပြီဖြစ်၍ ဧရာဝတီတိုင်းသည် စီးပွားရေးဒေသဇုန်ကြီးတစ်ခုအသွင်သို့ပင် ပြောင်းလဲရောက်ရှိလာနေပြီဖြစ်ကြောင်း။

ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကိုအခြေခံ၍ ဧရာဝတီတိုင်းရှိ ပြည်သူလူထုတစ်ရပ်လုံးက လုပ်အားနှင့်ယှဉ်ပြီး တက်ညီလက်ညီ ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်းနှင့် အချိန်တိုအတွင်းပြီးစီးအောင် တည်ဆောက်ပေးခဲ့ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံးကို ဧရာဝတီတိုင်း၏ ဒေသခံပြည်သူလူထုကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

မျှော်မှန်း

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ရာဇူဒိုင်တံတား အမှတ်(၁) တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် နာဂစ်မုန်တိုင်းဒဏ်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုင်ငံတော်အကြီးအကဲ လာရောက်ကြည့်ရှုစစ်ဆေးစဉ် ပကတိမျက်မြင် အနေအထားနှင့် ရေရှည်အကျိုးကိုမျှော်မှန်းပြီး မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့ကြောင်း။

သွားလာနိုင်

ယနေ့ဖွင့်လှစ်သည့် ရာဇူဒိုင်တံတားအမှတ်(၁)သည် မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်းစသည့် လမ်းကွန်ရက်လမ်းများပေါ်တွင် တည်ရှိနေသဖြင့် ၎င်းတံတားကြီးကို အသုံးပြု၍ မြန်မာနိုင်ငံအရပ်ရပ်သို့ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်တော့မှာ ဖြစ်ကြောင်း။

ထို့အတူ ဧရာဝတီတိုင်းအတွင်း ၁၉၈၈ခုနှစ်မှ ယနေ့အထိ ပေ ၁၈၀အထက် တံတားအစင်း ၅၀ နှင့် ပေ ၁၈၀ အောက် တံတား၃၁၂ စင်းတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသအတွင်း ပြည်သူအကျိုးပြု၊ ဒေသအကျိုးပြု ၎င်းတံတားကြီးကို ရေရှည်အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်း ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား မော်လမြိုင်ကျွန်းမြို့မှ ဦးအောင်ဇော်လှိုင်က ကျေးဇူးတင်စကားပြောကြားရာတွင် ယခင်က မော်လမြိုင်ကျွန်းမြို့မှ ရန်ကုန်မြို့သို့ ရေယာဉ်ဖြင့်သွားလျှင် ၁၂နာရီကြာ သွားခဲ့ရသော်လည်း ယခုရာဇူဒိုင်တံတား အမှတ်(၁)ကို ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ရန်ကုန်မြို့သို့ ၃နာရီအတွင်း ကုန်းလမ်းခရီးမှ သွားရောက်နိုင်မည်ဖြစ်ပါကြောင်း။

တိုးတက်ဖြစ်ပေါ်

ထို့အပြင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကြောင့် မိမိတို့ မော်လမြိုင်ကျွန်းမြို့သည် ကုန်းလမ်း၏ လမ်းဆုံမြို့တစ်မြို့အဖြစ်သို့ တိုးတက်ဖြစ်ပေါ်လာတော့မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာမဏ္ဍပ်မုခ်ဦးရှေ့၌ နေရာယူကြပြီး တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေ၊ ဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဝန်ကြီး ဦးသိန်းညွန့်တို့က ရာဇူဒိုင်တံတား အမှတ်(၁)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဒေသခံပြည်သူများ၊ တာဝန်ရှိသူများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က ရာဇူဒိုင်တံတား အမှတ်(၁) ကမ္ပည်း မော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရာဇူဒိုင်တံတား အမှတ်(၁)ပေါ်သို့ ဖြတ်သန်းကြည့်ရှုကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ရာဇူဒိုင်တံတား အမှတ်(၁)ကို ၂၀၀၉ခုနှစ် ဧပြီ ၁ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်သည်။

တံတားအရှည်စုစုပေါင်း ၁၉၅၅ပေ၊ ယာဉ်သွားလမ်းအကျယ် ပေ ၂၀နှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီပါရှိပြီး ရေလမ်းကင်းလွတ် အမြင့်ပေ ၂၀နှင့် ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် တန် ၆၀ဖြစ်သည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ရာဇူဒိုင်တံတား အမှတ် (၁)ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော

အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၂

အလုပ်သမားဝန်ကြီးဌာန ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်းသားသမီးများအား ပညာရည်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနစုဝေးခန်းမ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် ဝန်ကြီးသည် ခြောက်ဘာသာ ဂုဏ်ထူးရှင်တစ်ဦးနှင့် ငါးဘာသာ ဂုဏ်ထူးရှင်နှစ်ဦးတို့အား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်က လေးဘာသာဂုဏ်ထူးရှင် လေးဦးအားလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များက ကျန်ဂုဏ်ထူးရှင်များအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်သန့်ကြွယ်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

23-7 (10).pmd 1 7/23/2010, 1:57 AM

အမှာစကား ပြောကြား

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်သည် ဇူလိုင် ၁၆ရက် နံနက် စနာရီခွဲက မိုးကုတ်မြို့ ပတ္တမြားမြေအားကစားခန်းမ၌ မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးတင်ဦး၊ အဖွဲ့ခွဲ အဖွဲ့ဝင်ဦးဘိုရွှေ၊ ပြင်ဦးလွင်ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မောင်ဦး၊ မိုးကုတ်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့်တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်ဦးမြင့်နိုင်က အမှာစကား ပြောကြားပြီး မိုးကုတ်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးထွန်းငြိမ်းက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က နိဂုံးချုပ် အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်ဦးမြင့်နိုင်နှင့် တိုင်းကော်မရှင် အဖွဲ့ခွဲဝင်များသည် မိုးကုတ်မြို့နယ် မင်းတံတားရပ်ကွက် ကသဲ၊ ကျပ်ပြင်ကျေးရွာအုပ်စု၌ ဖွင့်လှစ်မည့် မဲရုံနေရာများကို ကြည့်ရှုကြကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ယင်းတို့အဖွဲ့သည် ကမ္ဘာ့သမုဒ္ဒရာများအတွင်း ပလတ်စတစ်ဘူးများဖြင့် ညစ်ညမ်းနေမှုများကို အများပြည်သူတို့ သတိမူရေးလှုံ့ဆော်ကာ ပင်လယ်ပြင်စွန့်စား ခရီးသွားခြင်းကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ခရီးစဉ်အတွင်း အညစ်ညမ်းဆုံး ပင်လယ်သမုဒ္ဒရာများကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။ (အင်တာနက်)

မြန်မာ့အလင်း အာကာသသိပ္ပံသုတသတင်း

အာကာသမှ ကြီးမားသော ကြယ်တာရာ

ကိုသစ္စာ - ရေးသားသည်

လန်ဒန် ဇူလိုင် ၂၂

ကမ္ဘာဂြိုဟ်မှ အလွန်ဝေးကွာသော အာကာသတစ်နေရာ၌ ကြီးမားသော ကြယ်တာရာကြီးတစ်ခုကို ဗြိတိန်နိုင်ငံ ရှက်ဖီးတက္ကသိုလ်မှ အာကာသသုတေသနပညာရှင် ပါမောက္ခ ပေါလ်ခရောတာက အာကာသ အဝေးကြည့်မှန်ပြောင်းဖြင့် ဇူလိုင် ၂၁ရက်က ရှာဖွေတွေ့ရှိခဲ့သည်။



ဝေးကွာ

ယင်းကြယ်တာရာကြီးသည် ကမ္ဘာဂြိုဟ်မှ အလင်းနှစ် ၁၆၅၀၀၀ အကွာအဝေးတွင် တည်ရှိနေပြီး အာကာသအတွင်း ထူးထူးခြားခြား ကြီးမားစွာ တည်ရှိနေသည့် ကြယ်တာရာကြီးတစ်ခုလည်းဖြစ်သည်။

ကြီးမား

အဆိုပါ ကြယ်တာရာကြီးသည် ထူးခြားစွာ ထွန်းလင်းတောက်ပမှု မရှိသော်လည်း အရွယ်အစားမှာ နေ၏အရွယ်အစားထက် ၂၆၅ဆမျှ ပိုမိုကြီးမားကြောင်း၊ ကြယ်တာရာအတွင်းပါရှိသော အချို့ကြယ်တာရာများမှာမူ လင်းလက်တောက်ပမှု ရှိကြောင်း ပါမောက္ခ ပေါလ်ခရောတာက ပြောကြားသည်။

ယင်းကြယ်တာရာကြီးကို ချီလီနိုင်ငံ သဲကန္တာရအတွင်း အာကာသအဝေးကြည့်မှန်ပြောင်းဖြင့် ကြည့်ရှုလေ့လာခဲ့ရာမှ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် ကျောက်ဆည်မြို့နယ် အထက(၄) (စက်ရုံစု)မှ ဆရာ ဆရာမများအား ဂုဏ်ပြုပွဲတက်ရောက်

နေပြည်တော် ဇူလိုင် ၂၂

၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်မြင့်မားအောင် သင်ကြားခဲ့သည့် ကျောက်ဆည်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း (စက်ရုံစု)မှ ကျောင်းအုပ်ကြီးနှင့် အထက်တန်းဆင့်သင် ဆရာ ဆရာမများအားဂုဏ်ပြုပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်၊ မန္တလေးတိုင်းပညာရေးမှူး(စစ်ဆေးရေး)၊ ကျောက်ဆည်မြို့နယ် ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ကျောက်ဆည်မြို့နယ်ရှိ အထက်တန်းကျောင်းအုပ်ကြီးများ၊ အထက်တန်းကျောင်း(ခွဲ)ကျောင်းအုပ်ကြီးများနှင့် အထက(၄) (စက်ရုံစု)ကျောင်းမှ အထက်တန်းဆင့်သင် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အဆိုပါကျောင်းအနေဖြင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် ကျောင်းသစ်ဖြစ်ပြီး ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်မြင့်မားခဲ့မှုကြောင့် ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး မန္တလေးတိုင်းပညာရေးမှူး(စစ်ဆေးရေး)က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

(အပေါ်ယာပုံ)

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးအသိပညာပေး ဟောပြောပွဲ ကမာရွတ်မြို့နယ်၌ကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

ကမာရွတ်မြို့နယ် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၂ရက် နံနက် ၁၀နာရီက အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၅) သပြေခန်းမ၌ ကျင်းပရာ ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ရွှေမန်းက မူးယစ်ဆေးဝါး အန္တရာယ်နှင့်ပတ်သက်၍ ဆွေးနွေး ဟောပြောသည်။ **(ယာပုံ)**

ထို့နောက် မြို့နယ်ကျန်းမာရေး ဦးစီးဌာနဦးစီးမှူးက မူးယစ်ဆေးဝါး အကြောင်းအရာများကို လည်းကောင်း၊ အနောက်ပိုင်းခရိုင် မူးယစ်ဌာနမှ ရဲအုပ် မျိုးကြည်က မူးယစ်ဆေးဝါး အန္တရာယ်များကို လည်းကောင်း ဟောပြောကြသည်။

(မြို့နယ်ရဲတပ်ဖွဲ့)

ကြွက်ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် မျိုးပွားနှုန်းမြင့်မားလာခြင်း၊ ဒေသနှင့် ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် ရိုးမအတွင်း အစားအစာရှားပါးလာသဖြင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာ မြေပြန့်သို့ အုပ်စုလိုက် ရွှေ့ပြောင်း၍ ပျိုးခင်းမှ စပါးစေ့နှင့် ပျိုးပင်ငယ်များ စားသောက်ဖျက်ဆီးနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ကြွက်ကျရောက်ဖျက်ဆီးခဲ့ပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည် -

- လူနေအိမ်နှင့်စိုက်ခင်းများတွင် ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုးအသုံးပြု နှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနေ ဦးလှရွှေ-ဒေါ်လှလှ မိသားစုတို့က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ လေးထပ်ဘိုးဘွားဆောင်သစ်ကြီးနှင့် ရေလှောင်ကန်ကြီးတို့အတွက် ငွေကျပ်သိန်းတစ်ထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

မြို့သန့်ရှင်းသာယာရေး မြဝတီတွင် စုပေါင်းဆောင်ရွက်

မြဝတီ ဇူလိုင် ၂၂

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် အာရှလမ်းမကြီး တစ်လျှောက်တွင် ပေါင်းမြက်များရှင်းလင်းခြင်းကို အမှုဆောင်အရာရှိ ဦးဝင်းကိုကို ကြီးကြပ်လျက် ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို ဇူလိုင် ၁၅ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်သူရနှင့် အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

(မြို့နယ်စည်ပင်)

မှတ်သားဖွယ်မိုး

၂၂-၇-၂၀၁၀

မင်းကင်းမြို့
၃ ဒသမ ၁၉ လက်မ

မောင်တောမြို့
၂ ဒသမ ၅၆ လက်မ

မော်လမြိုင်မြို့
၂ ဒသမ ၂၁ လက်မ

မြစ်ကြီးနားမြို့
၂ ဒသမ ၀၅ လက်မ

မန်ယူ ၊ ဖာဂူဆန်နှင့် ပရီမီယာလိဂ်ဖလား....

➤ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

လန်ဒန် ဇူလိုင် ၂၂

၂၀၁၀-၂၀၁၁ ပရီမီယာလိဂ် ဘောလုံးရာသီစတင်တော့မည်။ ပရီမီယာလိဂ် ထိပ်တန်းအသင်းကြီးများအနေဖြင့် လာမည့်ဘောလုံးရာသီ၌ ဖလားဆွတ်ခူးနိုင်ရေးအတွက် ကြိုးစားပြင်ဆင်နေပြီ ဖြစ်သည်။ အသင်းတိုင်းအောင်မြင်မှုများရရှိရန် ကြိုတင်ပြင်ဆင်နေကြပြီဖြစ်ရာ ပရီမီယာလိဂ်ကား ပြိုင်ပွဲမဆင်နွှဲမီကပင် အပြောင်းအရွှေ့ အလှုပ်အခတ်များဖြင့် ပရိသတ်စိတ်ဝင်စားစရာဖြစ်ရန် စွဲဆောင်လျက်ရှိနေသည်။

ပြီးခဲ့သည့် ပရီမီယာလိဂ်ဘောလုံးရာသီ၌ ဒုတိယနေရာသာ ရရှိခဲ့သော မန်ယူအသင်းသည် ဖလားလက်လွတ်ဆုံးရှုံးခဲ့ရသဖြင့် ယခုနှစ်၌ ပြန်လည်ရယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။ မန်ယူအတွက် အဓိကတိုက်စစ်မှူး ရွန်နေသည် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဂိုးမသွင်းနိုင်ဖြစ်ခဲ့သည်။ ထိုသို့ ရွန်နေဂိုးမသွင်းယူနိုင်ခြင်းနှင့် မန်ယူ၏ ပြင်ဆင်နေမှုအနေအထားကို သတင်းထောက်များက နည်းပြကြီးဖာဂူဆန်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ခြေစွမ်းမပြနိုင်

"ရွန်နေရဲ့ခြေစွမ်းကို ကျွန်တော်ယုံကြည်ပါတယ်။ ကမ္ဘာ့ဖလားပွဲမှာ အင်္ဂလန်အတွက် ဂိုးမသွင်းယူပေးနိုင်တာဟာ စိတ်တိုင်းကျ လွတ်လွတ်လပ်လပ်ကစားခွင့်မရတာလည်းပါဝင်တယ်။ နောက်ပြီး တိုက်စစ်မှူးတွေ ဂိုးသွင်းနိုင်ဖို့ဆိုတာ ပံ့ပိုးမှုတွေလိုအပ်ပါတယ်။ ကမ္ဘာ့ဖလားပွဲမှာ ရွန်နေဂိုးသွင်းနိုင်ဖို့ အဲဒီအချက်တွေ မပြည့်စုံခဲ့ပါဘူး" ဟုပြောကြားခဲ့သည်။ ရွန်နေသည် အင်္ဂလန်အသင်းအတွက် ထိထိရောက်ရောက် အကျိုးမပြုနိုင်ခဲ့သလို ခြေစွမ်းလည်းမပြနိုင် ဖြစ်ခဲ့ရသည်။

သို့သော် မကြာမီ ကျင်းပတော့မည့် ပရီမီယာလိဂ်တွင် မန်ယူအတွက် ရွန်နေစွမ်းဆောင်ပေးနိုင်မှု အခြေအနေနှင့် ပတ်သက်ပြီးလည်း နည်းပြကြီးဖာဂူဆန်က "ရွန်နေဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ မန်ယူအတွက် စုစုပေါင်း ၃၄ဂိုး သွင်းယူပေးနိုင်ခဲ့ပါ တယ်။ ဒါဟာ သူဒဏ်ရာရနေတဲ့ အချိန်တွေမှာ ပွဲမကစားနိုင်ခဲ့တာတွေကြောင့်ပါ။ ပွဲတိုင်း ကစားခဲ့ရင် ဒီထက်ဂိုးအများကြီး သွင်းယူပေးနိုင်မယ့် တိုက်စစ်မှူးပါပဲ။ အခုလာမယ့် ပရီမီယာလိဂ်မှာ မန်ယူတိုက်စစ်ကို သူပဲ ဦးဆောင်စေမှာ ဖြစ်ပါတယ်။ သူရဲ့ ကစားအားနဲ့ခြေစွမ်းကို ကျွန်တော်အပြည့်အဝ ယုံကြည်နေပါတယ်" ဟု ပြောကြားခဲ့သည်။

ရွန်နေသည် မန်ယူတိုက်စစ်တွင် အဓိကတိုက်စစ်မှူးအဖြစ် တာဝန်ယူကစားမည်ဖြစ်ပြီး အရန်တိုက်စစ်မှူးများ ထပ်မံဖြည့်ဆည်းမှုရှိ မရှိနှင့် ပတ်သက်၍လည်း နည်းပြဖာဂူဆန်က "မန်ယူတိုက်စစ်အတွက် အတွေ့အကြုံရှိတဲ့ တိုက်စစ်မှူးနှစ်ဦးလောက် ထပ်ဖြည့်ဖို့တော့ အစီအစဉ်ရှိတယ်။ တိုက်စစ်အပိုင်းမှာ ရွန်နေတစ်ဦးတည်းအပေါ် ဖိအားမများစေချင်ဘူး။ မနှစ်က တိုက်စစ်ထက်ပိုပြီး ထက်မြက်အောင် ပြင်ဆင်နေတယ်။ ဒီနှစ်မှာ အသင်းရဲ့ ကွင်းလယ်ပိုင်းကိုလည်း ဖြည့်ဆည်းဖို့ အစီအစဉ် တွေရှိနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မန်ယူအသင်းမှ ကစားသမားအချို့ကို ရောင်းချရန် စီစဉ်နေမှုနှင့် ပတ်သက်ပြီး နည်းပြဖာဂူဆန်က "မန်ယူမှာ အရည်အချင်းရှိပြီး ခြေစွမ်းပြနေတဲ့ကစားသမားတွေ ချည်းပါပဲ။ သူတို့ထဲက အချို့ကစားသမားတွေကို ရောင်းချဖို့အစီအစဉ်ရှိတယ်ဆိုတာ မှန်ပါတယ်။ အသင်းအတွက် အသုံးမလိုတော့လို့မဟုတ်ပါဘူး။ သူတို့ကို ပုံမှန်ကစားခွင့် ပိုပြီးအခွင့်အရေးရရှိစေချင်လို့ပါပဲ။ မန်ယူမှာရှိနေတာထက် တခြား ကလပ်အသင်းမှာ ရွှေ့ပြောင်းကစားရင် သူတို့အတွက် အခွင့်အရေးတွေ အများကြီး ရသွားနိုင်ပါတယ်။ မန်ယူက ရောင်းလိုက်တဲ့ ကစားသမားအများစု တခြားကလပ်တွေမှာ ပုံမှန်ကစားခွင့်ရပြီး ခြေစွမ်းလည်း ပြနိုင်ကြောင်း မြင်တွေ့နေကြတာ အထူးပြောဖို့မလိုပါဘူး"ဟု ၎င်းကဆက်လက် ပြောကြားသည်။

လာမည့် ဩဂုတ် ၁၄ရက် ပရီမီယာလိဂ်ရာသီမစမီ အကြိုခြေစမ်းပွဲများ ပြည်ပသို့သွားရောက်ကစားမည့် အခြေအနေနှင့် ပတ်သက်ပြီး နည်းပြဖာဂူဆန်က "အမေရိကန်နဲ့ ကနေဒါနိုင်ငံတွေမှာ သွားကစားဖို့တော့ စီစဉ်နေတယ်။ အဲဒီခရီးစဉ်တွေမှာ မန်ယူကစားသမားတွေအဖြစ် အီဗရာ၊ ဗီဒစ်၊ ပက်ဂျီဆန်၊ ကာရစ်၊ ဘာဘာတော့ဗ် စတဲ့ကစားသမားတွေ ပါဝင်မှာဖြစ်ပါတယ်။ မန်ယူအတွက် လာမယ့် ပရီမီယာလိဂ်ပွဲတွေမှာ ထည့်သွင်းကစားဖို့အတွက် လူငယ်ကစားသမားတွေကိုလည်း ခြေစမ်းပွဲတွေမှာ ပါဝင်ကစားစေမှာဖြစ်ပါတယ်" ဟု ဖာဂူဆန်က ပြောကြားသည်။

လာမည့်ဘောလုံးရာသီ၌ ပရီမီယာလိဂ်ဖလား ရယူနိုင်မှုအခြေအနေနှင့် ပတ်သက်၍လည်း "ကျွန်တော်တို့ ဖလားပြန်လည်ရယူနိုင်မယ်လို့ အပြည့်အဝယုံကြည်နေပါတယ်" ဟု မန်ယူနည်းပြကြီး ဖာဂူဆန်ကပြောကြားသွားပါကြောင်း။ ။**ကိုးကား - အင်တာနက်**

အေဂျက်ဇ်နည်းပြ မာတင်ဂျိုးလ် ဖူဟမ်နည်းပြ ဖြစ်လာဖွယ်

မြင့်မောင်စိုး - ရေးသားသည်

လန်ဒန် ဇူလိုင် ၂၂

ဖူလ်ဟမ်က နည်းပြသစ် ခန့်ထားရန်အတွက် နယ်သာလန် ကလပ် အေဂျက်ဇ်နည်းပြ မာတင်ဂျိုးလ်နှင့် တွေ့ဆုံဆွေးနွေးလျက်ရှိသည်။

မိမိအနေဖြင့် ဖူလ်ဟမ်နည်းပြ တာဝန်ထမ်းဆောင်လိုကြောင်း၊ သို့သော် အေဂျက်ဇ်သို့ လျော်ကြေးပေးရန် စဉ်းစားနေရကြောင်း မာတင်ဂျိုးလ်က ပြောကြားသည်။

အသက် ၅၄နှစ်ရှိ မာတင်ဂျိုးလ်သည် ဖူဟမ်အသင်းက နည်းပြရွှိုင်ဟော့ဂ်ဆန် လီဗာပူးသို့ ပြောင်းရွှေ့သွားပြီးနောက် ဖူဟမ်သို့ ပြောင်းရွှေ့ရန် တစ်ပေးခံထားရသော နည်းပြဖြစ်သည်။ (အင်တာနက်)

ချယ်လ်ဆီးဂိုးသမား ပီတာချက် ပရီမီယာလိဂ်အဖွင့်ပွဲများ လွဲချော်နိုင်

လန်ဒန် ဇူလိုင် ၂၂

ချယ်လ်ဆီးဂိုးသမား ပီတာချက်သည် ၂၀၁၀-၂၀၁၁ပရီမီယာလိဂ် ဘောလုံးရာသီအစတွင် ညာဘက်ပေါင်ကြွက်သား ထိခိုက်ဒဏ်ရာရထားသဖြင့် ပါဝင်ကစားနိုင်လိမ့်မည်မဟုတ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

ပီတာချက်သည် တစ်လကြာ အနားယူ ကုသရလိမ့်မည်ဟု မျှော်လင့်ရသည်။ ထို့ကြောင့် ၎င်းသည် ပရီမီယာလိဂ်အဖွင့် ပြိုင်ပွဲသုံးပွဲနှင့် လွဲချော်နိုင်သည်။ ထို့အပြင် ဩဂုတ် ၈ရက်တွင် မန်ယူနှင့် ကစားမည့် ကွန်မြူနတီ ဒိုင်းလုပွဲနှင့်လည်း လွဲချော်မည် ဖြစ်သည်။

ချယ်လ်ဆီးတို့ ပရီမီယာလိဂ်အဖွင့်ပွဲတွင် ဩဂုတ် ၁၄ရက်၌ ဝက်စ်ဘရွန်းနှင့် ကစားရမည်ဖြစ်သည်။ နောက်တစ်ပတ်အကြာတွင် ဝီဂန်နှင့် တွေ့မည်ဖြစ်သည်။ **(အင်တာနက်)**

နန့်စ်တိုက်စစ်မှူး ရေမီအား အာဆင်နယ်ခေါ်ယူရေး အပြိုင်ကြိုးစားနေ

လန်ဒန် ဇူလိုင် ၂၂



ပြင်သစ်တိုက်စစ်မှူး အွန်နရီလက်သစ်ဟု နာမည်ကျော်ကြားနေသော နန့်စ်တိုက်စစ်မှူး လွိုက်ရေမီအား ဝက်စ်ဟမ်းနှင့်အပြိုင် အာဆင်နယ်က ပေါင် ၁၃သန်း ပေးခေါ်ယူရန် ကြိုးစားနေသည်။

နည်းပြအာစင်ဝင်းဂါးသည် တိုက်စစ်မှူး အွန်နရီကို ဝယ်ယူခဲ့သကဲ့သို့ နန့်စ်တိုက်စစ်မှူး ရေမီကိုလည်း ခေါ်ယူရန် စိတ်အားထက်သန်နေသည်။

ထိုစဉ်အတွင်း လီဗာပူးနှင့် စပါးတို့ကလည်း ရေမီကို မျက်စိကျနေသည်။ သို့သော် နန့်စ်တိုက်စစ်မှူးက အာစင်ဝင်းဂါး၏အသင်းသို့ ပြောင်းရွှေ့ရန် ဆန္ဒပိုရှိနေသည်။ (အင်တာနက်)

လီဗာပူးသည် အသင်းကြီးဖြစ် ကွင်းလယ်ကစားသမား ဂျိုကိုးလ်ပြောကြား

လန်ဒန် ဇူလိုင် ၂၂

လီဗာပူးအသင်းသည် ပရီမီယာလိဂ်တွင် တောင့်တင်းခိုင်မာသော အသင်းကြီးဖြစ်လာကြောင်း ကွင်းလယ်ကစားသမား ဂျိုကိုးလ်က ချယ်လ်ဆီးမှ အလွတ်ပြောင်းရွှေ့လာပြီးနောက် ထုတ်ဖော်ပြောကြားလိုက်သည်။

စာချုပ်

အာဆင်နယ်နှင့်စပါးတို့က စိတ်ဝင်စားခဲ့သော ဂျိုကိုးလ်အား လီဗာပူးက တစ်ပတ်လျှင် ပေါင်၉၀၀၀၀ဖြင့် လေးနှစ်စာချုပ်လိုက်ခြင်းဖြစ်သည်။

ပြောကြား

လီဗာပူးအသင်းတွင် အသင်းခေါင်းဆောင် စတီဗင်ဂျရတ်၊ ဒက်ကွတ်ဇ်၊ တောရက်စ်စသည့် ကစားသမားများဖြင့် အင်အားတောင့်တင်းသော အသင်းကြီးဖြစ်လာကြောင်း၊ ယခုနှစ် ဘောလုံးရာသီ ချန်ပီယံလိဂ်ဝင်ခွင့်မရခဲ့သော်လည်း ၂၀၀၅ ခုနှစ်က ချန်ပီယံလိဂ် အကြိုဖိုင်နယ်ပွဲတက်ခဲ့သည်ကို မမေ့သင့်ကြောင်း ဂျိုကိုးလ်က ပြောကြားသည်။ **(အင်တာနက်)**

ပလတ်စတစ်ဆန်ခါပိုက် ပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်မှု သနပ်ပင်မြို့၌ သရုပ်ပြ

သနပ်ပင် ဇူလိုင် ၂၂

ပဲခူးခရိုင် သနပ်ပင်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပလတ်စတစ် ဆန်ခါပိုက်ဖြင့် ပျိုးပေါင်စနစ် သရုပ်ပြသခြင်း အခမ်းအနားကို ဇူလိုင် ၉ရက် နံနက် ပိုင်းက အောက်စုရပ်ကွက်ရှိ တောင်သူ ဦးခင်၏ လယ်မြေငါးဧက၌ ကျင်းပသည်။

သရုပ်ပြပွဲတွင် ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာဦးသန်းဦးက မျိုးကောင်းမျိုးသန့် သုံးစွဲရေး ဆွေးနွေးပြီး မြို့နယ်မန်နေဂျာ ဦးရဲကိုကိုက ပလတ်စတစ် ဆန်ခါပိုက် ပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်မှု၏ အကျိုးသက်ရောက်မှုများကို တောင်သူများအား ပညာပေးဆွေးနွေးပြီး လက်တွေ့ပြသသည်။ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် သနပ်ပင်မြို့နယ်၌ မျိုးစပါး ၁၇၉၆၀၀ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

ကမ်းရိုးတန်းဒေသများ မိုးပိုလာဖွယ်ရှိ

နေပြည်တော် ဇူလိုင် ၂၂

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့်မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့်မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၂၃ရက်ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့်မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရှမ်းပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ကျောင်းသုံး ပရိဘောဂနှင့် စာရေးကိရိယာများ ချင်းရွှေဟော်၌ ပေးအပ်လှူဒါန်း

ချင်းရွှေဟော် ဇူလိုင် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့နယ်တွင် ၂၀၁၀- ၂၀၁၁ပညာသင်နှစ် ကျောင်းသုံးပရိဘောဂနှင့် စာရေးကိရိယာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဇူလိုင် ၉ရက် နံနက် ၉နာရီက ကျင်းပရာ အခမ်းအနားကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထိုက်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးသန်းညိုက ကျောင်း၏ ပညာသင်ကြားမှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ ချင်းရွှေဟော်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများအတွက် ဗိုလ်မှူးကြီးသန်းထိုက်က ကျောင်းသုံး ပရိဘောဂပစ္စည်းများကို လည်းကောင်း၊ လောက်ကိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်းဦးက ကျောင်းသုံး ဗလာစာအုပ် ၃၈၄ဒါဇင်ကိုလည်းကောင်း၊ ဒေသခံကိုးကန့်လူငယ်အဖွဲ့က စာရေးကိရိယာပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံယူကြသည်။ ကျောင်းသုံးပရိဘောဂနှင့် စာရေးကိရိယာများမှာ စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၂၂သိန်းခန့်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

HOUSING & LIVING 2010
TATMADAW HALL JULY 24 - 27, 2010
ORGANIZED BY
IEMS
FOCUS ENTERPRISE LTD.
True Value
THREE FRIENDS
SGC
KMD

ဦးသာရင် ၏ သွက်ချာပါဝ လေဝန်းဆေးမှုန့်
Certificate TH09/3125
ISO 9001:2008 နှင့် GMP
Certificate TH06/3966.01

လက်ထပ်ပြီးစီးခြင်း

နေပြည်တော်လယ်ဝေး၊ အေလာမြို့၊ သတ္တုစက်ရုံနေ
ဦးကြည်ရှိန်-ဒေါ်ပိုင်းစိန်တို့၏သား
မောင်သီဟရှိန်
B.C.Tech (Hons:) (အကောက်ခွန်မှူး)
အကောက်ခွန်ဦးစီးဌာန
နှင့်
နေပြည်တော်လယ်ဝေး၊ အေလာမြို့၊ သတ္တုစက်ရုံနေ
ဒေါက်တာဝင်းသိန်း-ဒေါ်စိုးစိုးသိန်း တို့၏သမီး
မဆွေရည်ဝင်းသိန်း
B.Pharm

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်ဖြင့် ၁၂-၇-၂၀၁၀ ရက်တွင် လားရှိုးမြို့၌ လက်ထပ်ပြီးစီးပါကြောင်း။ **မောင်သီဟရှိန်-မဆွေရည်ဝင်းသိန်း။**

အမြန်ရောင်းမည်၊ ငှားမည်

သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ စံပြဈေးအနီး၊ ကျောင်းအနီး၊ မြို့တွင်းမြို့ပြင် လိုင်းကားများဆုံရာ မှတ်တိုင်နှင့် ငမိုးရိပ်ဘုတာအနီးရှိ တိုက်ခန်းသစ်များကို ယခုဝါတွင်းအမီ နေထိုင်နိုင်ရန် အမြန်ရောင်းမည်၊ ငှားမည်။

စုံစမ်းရန် ဖုန်း-၅၆၅၄၄၂၊ ၀၉-၅၁-၁၇၆၅၃။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရန်ကုန်မြို့တွင် နေထိုင်ရန် ကောင်းမွန်သန့်ရှင်းမှု၊ လုံခြုံစိတ်ချမှုနှင့် မှန်ကန်သေချာသော ပတ်ဝန်းကျင်မြေနှင့် နှစ်ထပ်တိုက်၊ အဆင့်မြင့်ပြင်ဆင်ပြီး ရေ၊ မီး၊ ဖုန်း၊ အဝီစိ၊ ထောင့်ကွက်၊ ရေကူးကန်ရှေ့၊ ပဒေသာပင်မြို့တော် (FMI City)။

ဖုန်း-၀၉-၅၀-၀၉၀၂၅၊ ၀၁-၅၂၀၀၃။

တော်ဝင်ပလာဇာ

အုပ်ချုပ်ရေးကော်မတီ

(Basement)
(၃)ခန်းတွဲဆိုင်ခန်းများ ဆိုင်အမှတ် - B - 7, 13, 27, 28, 29, 30
(၂)ခန်းတွဲဆိုင်ခန်းများ ဆိုင်အမှတ် - B - 23, 24, 25, 26, 31
(Ground)
(First)
F - 25, 28, 31, 143(C) and FF - 2, 3, 4, 5, 6, 7, 8, 9
FS - 1, 2
(Second)
(Free Internet; Smooth Handphone Line)

မြန်မာနိုင်ငံ ဆေးကောင်စီ ဗဟိုဦးစီးအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံ ဆေးကောင်စီ၏ ဗဟိုဦးစီးအစည်းအဝေးကို ဇူလိုင် ၂၆ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် အမှတ် ၁၂၃ နတ်မောက်လမ်း ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံဆေးကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းအသီးသီးမှ မြန်မာနိုင်ငံဆေးကောင်စီဝင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ ပန်ယုတ်ရွာ၊ အထက်ပန်ယုတ်နေ မငွေအောင်(ခ) လွေးငွေးအောင်၏ ဖခင်အမည်မှန်မှာ ဦးအိုက်နိုင်(ခ) ဦးလုရွှေ ၁၃/နစန (နိုင်) ၀၂၄၅၈၁ ဖြစ်ပါသည်။

ဈေးနှုန်း ၅၂ ၅၀၀
နည်းပညာသစ်ဖြင့် ထုတ်လုပ်သည်။

လက်မှတ်ရ အဆင့်မြင့် မြေတိုင်းသင်တန်းနှင့် GPS & Google Earth လက်တွေ့အသုံးချနည်း သင်တန်းဖွင့်မည်



ရန်ကုန် ဇူလိုင် ၂၂

CONCORDIA Int'l Co., Ltd. က လက်မှတ်ရ အဆင့်မြင့် မြေတိုင်းသင်တန်း (၁၀/၂၀၁၀) ကို ဩဂုတ် ၂ရက်မှ ၁၀ရက်အထိ လည်းကောင်း၊ GPS & Google Earth Software လက်တွေ့အသုံးချနည်း သင်တန်းကို ဩဂုတ် ၁၁ရက်မှ ၁၄ရက်အထိ လည်းကောင်း နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ရှိ CONCORDIA သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

လက်တွေ့အသုံးချ

အဆိုပါသင်တန်းတွင် Total Station လက်တွေ့အသုံးချတိုင်းတာနည်း (Engineering Survey၊ Topo Survey Differential GPS နောက်ဆုံးပေါ် RTK ဖြင့် လက်တွေ့တိုင်းတာခြင်း) Hand-held GPS လက်တွေ့တိုင်းတာခြင်းများနှင့် Google Earth Software လက်တွေ့အသုံးချနည်းနှင့် ပတ်သက်သော GPS Downloading and Processing to Garmin Mapsource & Google Earth Software ပြုလုပ်ခြင်းများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။ ယခုဖွင့်လှစ်မည့် မြေတိုင်းသင်တန်းနှင့် GPS လက်တွေ့အသုံးချနည်း သင်တန်းကို ဇူလိုင်၂၃ ရက်မှစတင်၍ သင်တန်းသားများ လက်ခံပြီး အခြေခံပညာအထက်တန်း သို့မဟုတ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့ ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် Concordia Ltd. သုံး လွှာနှင့် ငါးလွှာ ဖုန်း- ၀၁-၅၄၄၈၂၄၊ ၅၄၉၄၄၄၊ ၅၅၈၀၇၀၊ ၅၄၀၀၂၆၊ ၀၉-၅၀၀၅၉၁၂ နှင့် ဖက်စ်-၅၄၄၁၉၉ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၂၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

အနိုင်ရရှိ

နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပသော ပွဲစဉ်၌ (ဂ)အုပ်စုမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပသော ပွဲစဉ်၌ (ဂ)အုပ်စုမှ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြပြီး နေပြည်တော်လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပသော ပွဲစဉ်၌ (ဃ)အုပ်စုမှ ပညာရေးဝန်ကြီးဌာနအသင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအသင်းတို့သည် တစ်ဂိုးစီသရေဖြစ်သွားကြသည်။

ယှဉ်ပြိုင်ကစား

ဇူလိုင်၂၃ရက် ပွဲစဉ်များအဖြစ် နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်း၌ (ဃ)အုပ်စုမှ သတ္တုတွင်းဝန်ကြီးဌာနအသင်းနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (င)အုပ်စုမှ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားပြိုင်ကွင်း၌ (င)အုပ်စုမှ ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပွဲ ကျိုင်းတုံနည်းပညာ တက္ကသိုလ်၌ ကျင်းပ

ကျိုင်းတုံ ဇူလိုင် ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ပြည်နယ်ရုံး (ကျိုင်းတုံ)က ဦးစီးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၅ရက် နံနက် ၁၀နာရီက ကျိုင်းတုံနည်းပညာ တက္ကသိုလ်၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားသို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ပြည်နယ် ဦးစီးမှူးရုံး(ကျိုင်းတုံ)မှ ပြည်နယ်ဦးစီးမှူး ဦးကျော်လွင်(ဝဲပုံ) က အဖွင့်အမှာစကား ပြောကြားပြီး စစ်ဆေးရေးမှူး(၃) ဦးအောင်မိုးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ယာဉ်ထိန်းရဲတပ်ဖွဲ့တာဝန်ခံ ဒုတိယရဲမှူးအေးလွင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောခဲ့ကြောင်းသိရသည်။

(ကညန/ ကျိုင်းတုံ)

ရွှေကျင်မြို့နယ်၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၂၂

ပဲခူးတိုင်း ရွှေကျင်မြို့နယ် ကွင်းဆိပ်ကျေးရွာနေ ဦးအုန်းသွင်သည် အဖော်နှစ်ဦးနှင့်အတူ ဇူလိုင် ၁၈ရက် နံနက်ပိုင်းက ကွင်းဆိပ်ကျေးရွာ ဘုရားတောင်ရေတွင်းကုန်းအနီးသို့ ဝါးခုတ်ရန်သွားရောက်စဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ယာခြေချင်းဝတ်ပြတ် ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရလူနာအား ဝေါမြို့နယ် သူရဲသမိန်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆင့်မြင့်စက်ချုပ်နှင့် အခြေခံအိမ်တွင်းမှု သင်တန်းများဆင်း

နေပြည်တော် ဇူလိုင် ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနက ဖွင့်လှစ်သည့် အဆင့်မြင့်စက်ချုပ်အထူးသင်တန်း အမှတ်စဉ်(၂) နှင့် အခြေခံအိမ်တွင်းမှု အထူးသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲ အခမ်းအနားများကို ဇူလိုင် ၉ရက် နံနက် ၁၀နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌လည်းကောင်း၊ မွန်းတည့် ၁၂နာရီတွင် ဘိုကလေးမြို့ မြို့နယ်ခန်းမ၌လည်းကောင်း၊ ညနေ ၃နာရီတွင် မော်လမြိုင်ကျွန်းမြို့ မော်ရောခန်းမ၌လည်းကောင်း၊ ဇူလိုင် ၁၀ရက် နံနက် ၉နာရီတွင် လပွတ္တာမြို့ ရွှေနဒီခန်းမ၌လည်းကောင်း ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်းတက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် အဆင့်မြင့်စက်ချုပ် အထူးသင်တန်းအမှတ်စဉ်(၂)နှင့် အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၄) တို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဆုများပေးအပ် ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အခမဲ့စီစဉ်

အဆိုပါ သင်တန်းများကို မေ ၃ရက်မှစ၍ ရက်သတ္တ ၁၀ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး ဧရာဝတီတိုင်း ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းနှင့် လပွတ္တာမြို့နယ်များမှ ကျေးလက်ဒေသနေ သင်တန်းသူ ၃၀နှင့် မြို့ပေါ်ရပ်ကွက်များမှ သင်တန်းသူ ၃၀စီ ပေါင်း ၆၀ဖြင့် စုစုပေါင်း ၂၄၀ သင်တန်းတက်ရောက်ခဲ့ကြပြီး သင်တန်း တက်ရောက်ကြသူများအား သင်တန်းကာလအတွင်း သင်ထောက်ကူပစ္စည်းနှင့် စားသောက်နေထိုင်ရေး အခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကဏန်းဘောမဲ့ဇုန်အတွင်း ကဏန်းသားပေါက်များ မျိုးစိုက်ထည့်လွှတ်

ချောင်းဆုံ ဇူလိုင် ၂၁

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ဒီရေတော ကဏန်းဘောမဲ့ဇုန်အတွင်းသို့ အရွယ်သေးကဏန်း သားပေါက် ကောင်ရေ ၁၇၅၀ကို ဇူလိုင် ၅ရက် နံနက် ၁၀နာရီခွဲက မျိုးစိုက်ထည့်လွှတ်ခြင်း အခမ်းအနား ကျင်းပရာ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်၊ ချောင်းဆုံမြို့နယ် ဦးစီးမှူး ဦးသန်းလင်း၊ ကလော့ကျေးရွာ အုပ်စု ဥက္ကဋ္ဌနှင့် လူမှုရေးအသင်းအဖွဲ့များ၊ သယံဇာတ ထိန်းသိမ်းရေးအဖွဲ့ဝင်များ၊ ရေလုပ်သားများတက်ရောက်ကြပြီး ကဏန်းဘောမဲ့ဇုန်အတွင်း ကဏန်းမျိုးစိုက်ထည့်လွှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(ပြည်နယ်ငါးဦးစီး)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မူဆယ်မြို့နယ်၌ သစ်ပင်စိုက်ပျိုး

မူဆယ် ဇူလိုင် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၃၀ရက် နံနက် ၈နာရီက မိုင်းယု ၁၀၅မိုင် ကြူကုတ်(ပန်ဆိုင်း) ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၇/၀မှ ၇/၁အကြား လမ်းမကြီး၏ အရှေ့ဘက်ကပ်လျက် တောင်ကုန်းပေါ်တွင် ကျင်းပသည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်၊ မူဆယ်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခင်ဦး၊ မူဆယ်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းမြင့်နှင့် ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မူဆယ်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်နိုင်ထွန်းနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၀၀ခန့်တက်ရောက်ကြပြီး ကျွန်းပင် ၈၀၀၊ ဆူးထင်ရှူးပင် ၂၀၀ စုစုပေါင်းအပင် ၁၀၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

နှမ်းပေါ်...

နွေစပါးစံကွက်ရိတ်သိမ်းပွဲ မတ္တရာမြို့နယ်၌ ကျင်းပ

မတ္တရာ ဇူလိုင် ၂၁

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန(စိုက်မွေး) လုပ်ငန်းရေနံ့သာစိုက်ကွင်းတွင် ၂၀၀၉-၂၀၁၀ခုနှစ် နွေစပါးဧက၃၀၀ စိုက်ပျိုးထားရာ ရက်၉၀ သက်လျှင်စပါး ရတနာတင့် ၀၀၁ BMG 75 စံကွက်ရိတ်သိမ်းပွဲကို ဇူလိုင် ၁၀ရက် နံနက် ၈နာရီက အဆိုပါစိုက်ကွင်း၌ ကျင်းပသည်။

စံကွက်ရိတ်သိမ်း

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သိန်း၊ နှစ်ရှည်ပင်နှင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း (စိုက်/မွေးလုပ်ငန်း) ဌာန မန္တလေးတိုင်း မန်နေဂျာ ဦးဇော်ဝင်း၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးရွှေ၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာဦးထွေးမောင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ဆက်လက်၍ နှစ်ရှည်ပင်နှင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန လက်ထောက်မန်နေဂျာ ဦးဟန်တင်က ရက် ၉၀ စပါး စိုက်ပျိုးရေးနှင့်ပတ်သက်၍ တက်ရောက်လာသော တောင်သူများအား ရှင်းလင်းဆွေးနွေးပြီး နွေစပါး တစ်ဧကကွက်လက်တွေ့စံကွက် ရိတ်သိမ်းပြသရာ တစ်ဧကလျှင် စပါး ၁၃၂ ဒသမ ၈၇ တင်း ထွက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဒိုက်ဦးမြို့နယ်အသင်း စုပေါင်းလှူဒါန်းပွဲ

ဒိုက်ဦး ဇူလိုင် ၁၈

န၀မအကြိမ်မြောက် အသင်းဝင်များနှင့် ဒိုက်ဦးနွယ်ဖွားများ၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၆ရက် (တနင်္လာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဗဟန်းကြားတောရလမ်း 'ပ' သုံးလုံး ကျောင်းတိုက်၌ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဦးမောင်မောင်ငွေ ဖုန်း-၃၇၃၉၇၇၊ ဦးမြညွန့် ဖုန်း-၅၄၅၄၉၈၊ ဦးမြင့်သိန်း-ဒေါ်ခင်အေးမြင့် ဖုန်း-၂၉၀၄၀၇၊ ဦးတင်နု ဖုန်း-၇၀၆၇၆၆၊ ဦးကျော်ဝင်း ဖုန်း-၇၃၀၅၇၆၇၉၊ ဒေါ်အုန်းမြင့် ဖုန်း-၂၉၇၀၅၈၊ ဦးကြည်မြင့် ဖုန်း-၇၃၀၄၀၄၁၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(မြန်မာ့အလင်း)**

ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန ငါးသယံဇာတထိန်းသိမ်းရေး ဟောပြော

ကော့သောင်း ဇူလိုင် ၁၅

တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုဖြင့် ကော့သောင်းခရိုင် ငါးသယံဇာတ ထိန်းသိမ်းရေးပညာပေး ဟောပြောပွဲကို ဇူလိုင် ၆ရက်က အောင်မြန်မာကျေးရွာ၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးဝင်းကြိုင်က ဒေသခံရေလုပ်သားများအား ငါးသယံဇာတ ပြုန်းတီးမှုမရှိစေရေးနှင့် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရေး၊ တားမြစ်ထားသော ငါးအရွယ်အစား၊ တားမြစ်နေရာဒေသ၊ တားမြစ်ထားသည့် ငါးဖမ်းကိရိယာတို့ဖြင့် ဖမ်းဆီးမှုမရှိစေရေး၊ ရှားပါးရေနေသတ္တဝါများအား ဖမ်းဆီးမှုမရှိစေရေး၊ သန္တာကျောက်တန်း၊ ဒီရေတောများကို ဝိုင်းဝန်းထိန်းသိမ်းရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများကို ပညာပေးဟောပြောသည်။ **(အပေါ်ပုံ)**

ကျင်းပ

အလားတူ ဇူလိုင် ၇ရက်တွင် အောင်ဘာကျေးရွာနှင့် ပုလောဘာလိုင်းကျေးရွာတို့၌ ပညာပေးဟောပြောပွဲ ကျင်းပသည်။

(ခရိုင် ပြန်/ဆက်)

ဆီဆိုင်မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ မြို့နယ်ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ရပ်ကွက်ပြည်သူများနှင့် ပူးပေါင်းပြီး အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းတို့ကို ဇူလိုင် ၃ ရက်က စုပေါင်းဆောင်ရွက်စဉ်။ (၀၁၅)

မြို့နယ်သတင်း ထွေတလာ

ဌမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ မြို့ပေါ်သုံးရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇူလိုင် ၆ရက်က မြို့မဈေးအတွင်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရွှေဘိုမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရွှေဘို ဇူလိုင် ၁၈

ရွှေဘိုမြို့နယ် မဟာနန္ဒာကန်တော်၌ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ရက် နံနက် ၇ နာရီက ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမျိုးအောင်၊ ခရိုင်မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၅၅၀ခန့် တက်ရောက်စိုက်ပျိုးကြသည်။ **(အောက်ပုံ)** သစ်ပင်စိုက်ပျိုးပွဲတွင် စိန်ပန်းပင် ၃၅၀၊ ယူကလစ်ပင် ၅၅၀၊ တမာပင် ၁၅၀၊ ယင်းမာပင် ၅၀၊ အော်ရေးရှားပင် ၂၅ပင် စုစုပေါင်း ၁၁၂၅ပင် စိုက်ပျိုးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပေါက်ခေါင်းမြို့နယ်၌ ဇီဝိတဒါနဆေးကုသရေး အလှူပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

ကျန်းမာရေးစောင့်ရှောက်မှု စေတနာလုပ်အားရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း (HCVG MMA) အစီအစဉ်ဖြင့် အလှူရှင် ဦးငွေအောင်-ဒေါ်ငွေငွေညွန့် (SAKURA COMPANY) တို့ လှူဒါန်းသည့် ဇီဝိတဒါန ဆေးကုသရေးအလှူပွဲကို ဇူလိုင် ၁၆ရက်မှ ၁၉ရက်အထိ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်ဆေးရုံ၌ ကျင်းပသည်။

ကုသမှုခံယူ

အခမဲ့ဆေးကုသမှုတွင် ပါမောက္ခ ဒေါက်တာဦးအောင်ခင် (အဖွဲ့ခေါင်းဆောင်)၊ ဥက္ကဋ္ဌ (HCVG MMA)နှင့် ဒေါက်တာဦးအောင်ထွဋ် (ဆေးရုံအုပ်ကြီး-ငြိမ်း)၊ အတွင်းရေးမှူး (HCVG MMA)တို့က ဦးဆောင်ကူညီပံ့ပိုးပြီး အထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေး ဝန်ထမ်း ၄၀တို့သည် ခွဲစိတ်၊ သားဖွား၊ ကလေး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွားနှင့်ခံတွင်း၊ အရေပြား၊ မေ့ဆေးစသည့် ကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရာ မြို့နယ်အတွင်းရှိ ပြည်သူ ၁၁၆၅ဦး လာရောက်ဆေးကုသမှု ခံယူကြသည်။

အဆိုပါ ဇီဝိတဒါနဆေးကုသရေး အလှူပွဲတွင် ပေါက်ခေါင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်သိန်းထွန်းနှင့် ဆရာဝန် ဆရာမများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သိန်းဆွေနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ကြက်ခြေနီလူငယ်များက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာသနာရောင်ဝါထွန်းစေဖို့ ဝိနည်းတော်နှင့်အညီချုပ်လုပ်သော
သမ္မတာ ဝါဆိုသင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့

အမည်ပြောင်း
ဦးမောင်သန်းဝေ၏သမီး ပုဏ္ဏားကျွန်းမြို့နယ်၊ ရိုးတရုတ် အထက၊ တတိယတန်း(A)မှ မဦးသန်းဝေအား မဆုလှိုင်ထွန်း ဟု ပြောင်းလဲခေါ်ပါရန်။ **မဆုလှိုင်ထွန်း။**

ရွှေသိမ်တော်ကြီးကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ အေးသာယာရပ်ကွက်၊ ရွှေသိမ်တော်ကြီး ကျောင်းတိုက်အတွင်းတွင် ဝါဆိုဝါကပ်တော်မူကြသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား သာသနာ့ပါလအသင်းကြီးမှ ကြီးမှူးဦးဆောင်၍ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ မုံရွာမြို့များမှ ဒါယကာ၊ ဒါယိကာမများ စုပေါင်းကာ ၁၃၇၂ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ရက် (အင်္ဂါနေ့)တွင် (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် ထီး၊ ဖိနပ်အစရှိသော လှူဒါန်းဖွယ်ရာ အဖြာဖြာတို့ဖြင့် ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ပါသည်။ ဆက်သွယ်လှူဒါန်းလိုပါက ပဓာနနာယက ဆရာတော်ထံနှင့် သာသနာ့ပါလအသင်းကြီး ဖုန်း-၀၇၁-၂၁၇၆၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

English Speaking
U Win Maw
(Research)
လေးလအတွင်း အင်္ဂလိပ်စကား ပြောတတ်ရမည်။ စာရေးတတ်၊ ဖတ်တတ်ချင်ရင် Grammar တတ်အောင်သင်၊ များများဖတ်၊ များများအရေးလေ့ကျင့်ပေးသည်။ **အမှတ်-၂၃၆(3C)၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၀၃၄၆၂၊ ၅၁၆၅၀၈။**

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် မသ/၃၀၇၂၉ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့် ၁၄/မအန(နိုင်)၁၀၃၀၂၉၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (ဟသ္သာတ)။**

အမည်ပြောင်း
ဦးသက်ဆွေဦး၏သား အထက(၁) တောင်တွင်းကြီး တက္ကသိုလ်ဝင်တန်း(စ)မှ မောင်တင်မောင်မောင်အား မောင်အောင်မြင့်မြတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်မြင့်မြတ်။**

ဖခင်အမည်မှန်
အထက(၁) တောင်တွင်းကြီး တက္ကသိုလ်ဝင်တန်း(G)မှမောင်အောင်ထက်နိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင် ၈/တတက(နိုင်) ၀၂၁၆၇၁ ဖြစ်ပါကြောင်း။ **ဦးမြင့်နိုင်။**

မဟာသန္တာရုံကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ကလေးမြို့၊ အောင်သစ္စာရပ်ကွက် မဟာသန္တာရုံကျောင်းတိုက်၌ ပုရိမ ဝါကပ်တော်မူကြသော သံဃာတော်အရှင်သူမြတ်အပါး ၁၇၀တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၂ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့) ၂၆-၇-၂၀၁၀ ရက် (တနင်္လာနေ့) နံနက် ၉း၀၀ နာရီအချိန်တွင် ကျောင်းတိုက်ဂေါပက အဖွဲ့နှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုနိုင်ပါရန် အသိပေးအပ်ပါသည်။ **မဟာသန္တာရုံကျောင်းတိုက် ကပ္ပိယကာရကအဖွဲ့ ဖုန်း-၀၇၃-၂၁၁၃၀။**

ရောင်းရန်
စော်ဘွားကြီးကုန်း ပွဲရုံခန်းနေရာကောင်း (၁၅×၄၅)ပေ နှစ်ထပ် RC ရေမီးစုံ ပေ (၉၀×၉၀)မြေနှင့် နှစ်ထပ် BN ရေ၊ မီးစုံ (50L) ရန်ကုန်-ဖောင်ကြီးကားလမ်းမဘေး။ **ဖုန်း-၀၉-၅၀၀၇၆၃၈ ၀၁-၇၂၂၆၉၅။**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် လက/၄၆၃၁ ယာဉ်လက်ဝယ်ရှိသူ ဦးစောဘွယ် ၇/ဖမန(နိုင်)၀၇၀၉၀၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (ပြည်နယ်ရုံး)၊ လွိုင်ကော်။**

ကြော်ငြာစာ
မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ် ၇၀၄၊ ဦးပိုင်အမှတ် (၁၅.ခ+၁၄) (ခဲစင်း)၊ ၇၄လမ်း×၇၅လမ်းကြား မသိုက်၊ ဒေါ်ဝင်းကြည် အမည်ပေါက်မြေကွက်အား ဒေါ်စီရွှမ်း(ခ)စက်လွမ့် ၅/အတန(နိုင်) ၀၄၈၂၄၁က အမှုတွဲအမှတ် ၀၁၇၁/ဘ/(ခွဲ/ပြောင်း)/ ၂၀၁၀-၂၀၁၁ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

မဟာစည် မြဝတီသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

မြဝတီဆရာတော်အမှူးရှိသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား ဝေယျာဝစ္စအမှုဆောင်အဖွဲ့နှင့် အလှူရှင်များစုပေါင်း၍ (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၂ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့) ဇူလိုင်၂၆ရက် (တနင်္လာနေ့)နံနက်၈နာရီတွင် ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ မဟာစည်မြဝတီသာသနာ့ရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းကုသိုလ် ပါဝင်လိုသူများသည် ဖုန်း-၅၇၂၆၆၄နှင့် ၀၉-၅၁၉၆၈၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၈/၈၆၇၂ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးလွင် ၁၂/ပဘတ(နိုင်) ၀၀၈၂၈၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (ခရိုင်ရုံး)၊ မြင်းခြံမြို့။**

လက်တွေ့အသုံးချ အင်္ဂလိပ်စာ/စကား အိမ်တိုင်ရာရောက်သင်ယူနိုင်ပြီ

ဂျပန်နိုင်ငံ နိုင်ငံတကာတက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးဘာသာဖြင့် မဟာဘွဲ့ယူ၍ပြန်လာသော၊ နိုင်ငံခြားသို့ မကြာခဏ သွားနေသော၊ ဥရောပနှင့် အာဖရိကအပါအဝင် နိုင်ငံကိုးနိုင်ငံသို့ရောက်ဖူးသော၊ တက္ကသိုလ်ဆရာဟောင်း၊ UN နှင့် INGO တို့တွင် Senior Officer အဖြစ် အမှုထမ်းခဲ့ဖူးသော၊ စာပေဗိမာန်စာမူဆုရ စာရေးဆရာ Ph.D Candidate က နိုင်ငံခြားသို့ လတ်တလောထွက်ခွာမည့် ပုဂ္ဂိုလ်များ၊ သံရုံးဗီဇာဝင်မည့်သူများ၊ အမှန်တကယ် ကမ္ဘာသုံးအင်္ဂလိပ်စာ/စကားတော်လိုတတ်လိုသော ပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများအတွက် **Text Book မသုံးဘဲ သင်ကြားသူနှင့် သင်ယူသူကြား တကယ့်လက်တွေ့အခြေအနေများကို အပြန်အလှန် မေး/ဖြေသင်ကြားပေးမည့်** လက်တွေ့အသုံးကျ ကမ္ဘာသုံး English Speaking နှင့် Business English (4 Skills) တို့ကို အိမ်တိုင်ရာရောက် Home Tuition အဖြစ် လိုက်လံပို့ချပေးလျက်ရှိသည်။ TOEFL ၆၀၀ကျော်ရသူနှင့် ဆရာဝန်ကြီးတွေတောင် သင်ကြပါတယ်။ တတ်ထားသူကို တော်အောင်လုပ်တာပါ။ တကယ်တတ်ချင်မှ သင်ပါ။ Language တစ်ခုတည်းသင်တာမဟုတ်ပါ။ နိုင်ငံခြားသားများနှင့် စားနည်း၊ နေနည်း၊ ဝတ်စားဆင်ယင်နည်း စသည့် Social Dealing များကိုပါ သင်တာပါ။ သင်ကြားသည့်စနစ်ကို ကျေနပ်မှုမရှိပါကငွေပြန်အမ်းမည့် (Money Back Guarantee)ပေးပါသည်။ **ဆရာစောယွမ်း 'ဆာရှီးဒိုး Group'**

ဖုန်း-၀၁-၃၈၉၉၃၈၊ ၀၉-၅၁၃၅၅၁၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
မသူဇာမျိုးနိုင် ၇/ပခန(နိုင်)၂၁၄၁၉၅သည် မိဘ၊ မွေးချင်းများအား ကိုယ်စိတ်ဆင်းရဲစေပြီး ဂုဏ်သိက္ခာကျအောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် မိဘ၏ အမည်ကို မည်သည့်ကိစ္စတွင်မှ အသုံးပြုခွင့်မပြုပါကြောင်း ကြေညာအပ်ပါသည်။ **ဖခင်-ဦးမျိုးနိုင်ဦး ၁၂/ရကန(နိုင်)၀၁၄၄၃၅ မိခင်-ဒေါ်ခင်ဝင်းရီ ၁၂/ရကန(နိုင်)၀၁၄၈၇၅။**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း
ပဲခူးမြို့နယ်၊ ကမာနတ်ကျေးရွာ၊ သနပ်ပင်လမ်းနေ အဖ ဦးနေဝင်း(ခ) ဦးဗိုလ်လှ ၇/ပခန(နိုင်)၀၉၉၈၀၈၏သား မောင်ဘိုဘိုသည် မိဘဆိုဆုံးမမှုကို နာခံမှုမရှိပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ **ဦးနေဝင်း(ခ)ဦးဗိုလ်လှ ကမာနတ်ကျေးရွာ၊ ပဲခူးမြို့နယ်။**

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း
ယာဉ်အမှတ် ၁၇ယ/၆၆၇၈၉ Luojia Dream 110M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖူးဝေခိုင် ၅/ကလထ(နိုင်)၁၂၆၂၂၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (ပြည်နယ်ရုံး)၊ လွိုင်ကော်။**

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း
ယာဉ်အမှတ် မတလ/၁၇၆၁၁၆ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေစုလှိုင်ကျော် ၉/မနမ(နိုင်) ၀၀၀၇၇၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့။**

မော်တော်ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် မတလ/၂၀၄၈၄ Kenbo M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်သန်း ၉/မရတ(နိုင်)၀၆၇၄၆၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။**

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် တခလ/၆၉၇၀ Honda Dream C 100P ယာဉ်လက်ဝယ်ရှိသူ ဦးလော်ဒို ၁၃/တခလ(နိုင်)၀၂၅၇၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (ခရိုင်ရုံး)၊ တာချီလိတ်။**

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ပသ/၃၀၀၉၄ Kenbo Dream 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဌေး ၁၄/ဟသတ(နိုင်)၂၈၂၀၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊(ခရိုင်ရုံး)၊ဟသ္သာတ။**

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ယ/၉၁၅၆၃ Honda C90 Custom CMP ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းတင့် ၉/အမရ (နိုင်)၁၂၇၂၀၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

ရွှေအလင်းအိမ်

အမည်ဖြည့်စွက်ခေါ်ပါရန်
ပြင်ဦးလွင်မြို့နေ အဖဦးအောင်မန်းကြိုင်၏သမီး မမာမာသီ ၉/မမန(နိုင်)၀၈၇၃၀၄အား မမာမာသီ(ခ)မခင်ဆုဝေဟု ဖြည့်စွက်ခေါ်ပါရန်။ **မမာမာသီ(ခ)မခင်ဆုဝေ ၉/မမန(နိုင်)၀၈၇၃၀၄။**

အမြန်ရောင်းမည် (ညီနိုင်းဈေး)
တောင်ဒဂုံ၊ ၁၄၃ အကွက်၊ ကညနရုံး အနီးတစ်ဝိုက် မြေကွက် ပေ(၄၀×၆၀)။ **ဆက်သွယ်ရန်ဖုန်း-၂၂၅၃၈၀။**

ရောင်းရန်ရှိသည်
တိုင်းရင်းဆေးဖော်စပ်ရန် သံပရာရည် ရောင်းရန်ရှိသည်။ **ဖုန်း-၅၄၆၅၇၅။**

သင့်သွေးဖြင့် အသက်ကယ်ပါ

ကျောက်ဆည် ခရိုင်ပြန်/ဆက် ဦးစီးဌာန လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

ကျောက်ဆည် ဇူလိုင် ၇

ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ ညှိနှိုင်းအစည်းအဝေးကို ကျောက်ဆည်ခရိုင်ရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၆ရက် နံနက်က ကျင်းပသည်။

ရှင်းလင်းပြ

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး**(အောက်ပုံ)** မြို့နယ်ဦးစီးမှူးများက မိမိမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ဆောင်ရွက်ထားရှိမှု၊ ရုံးလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် ရုံးစာကြည့်တိုက် ဆောင်ရွက်ထားရှိမှုများကို အသီးသီးရှင်းလင်းတင်ပြကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်

တနင်္သာရီ ဇူလိုင် ၄

၂၀၁၀-၂၀၁၁ ပညာသင်နှစ် အခြေခံပညာသင်ကြားရန် အခက်အခဲရှိသော ကလေးများကို ဇူလိုင် ၄ရက် နံနက်က တနင်္သာရီမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးရဲနိုင်မိုး၊ ဗိုလ်မှူးကြီးဘုန်းမြတ်၊ ဒုတိယဗိုလ်မှူးကြီးဇော်မင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဘိုဘိုမင်းသိုက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်ကုမ္ပဏီများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် အခြေခံပညာသင်ကြားရန်အခက်အခဲရှိသော တနင်္သာရီမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူ ၁၉၉ ဦးတို့အား ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၁၁ သိန်းကျော်ကို တာဝန်ရှိသူများက ပေးအပ်ကြသည်။ **(အပေါ်ဝဲပုံ)**

(မြို့နယ်ပညာရေး)

စုပေါင်းစိုက်ပျိုး

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မိုးရာသီကာလအတွင်း ရေကန်တောင် ရေပေးဝေရေး (ရေဝေရေလဲဧရိယာ)တွင် ဇူလိုင် ၆ရက်က အဖွဲ့ဝင်ထမ်းများဖြင့် ကျွန်း၊ ခါတော်မီ၊ စွယ်တော်နှင့် တမာပင် စုစုပေါင်းအပင် ၁၂၀၀အား စုပေါင်းစိုက်ပျိုးကြစဉ်။

(မြို့နယ်စည်ပင်)

အလိမ္မာ စာမှာရှိ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တာချီလိတ်၊ မိုင်းဖြတ်နှင့် မိုင်းဆတ်ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားသည်။ ဆက်လက်၍ တာချီလိတ်၊ မိုင်းဖြတ်နှင့် မိုင်းဆတ်ခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် တက်ရောက်လာကြသူများက ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား



ပလတ်စတစ်ဘူးများဖြင့်ပြုလုပ်သည့် ရွက်လှေဖြင့် ပင်လယ်ပြင်စွန့်စားသူများ

ကောင်းမြတ်သူ - ရေးသားသည်

ဆစ်ဒနီ ဇူလိုင် ၂၂

ဗြိတိသျှလူစွန့်စား ဒေးဗစ်ဒီရော့သ်ချိုင်းသည် ပလတ်စတစ်အချိုရည်ဘူး ၁၂၅၀၀ ဖြင့် ပြုလုပ်ထားသော ရွက်လှေငယ်လေးဖြင့် ပစိဖိတ်သမုဒ္ဒရာအတွင်း ရက်ပေါင်း ၁၂၀ကျော်ကြာ စွန့်စားသွားလာခဲ့ပြီးနောက် လာမည့် သီတင်းပတ်ကုန်ပိုင်း ဇူလိုင် ၂၅ရက်တွင် ဩစတြေးလျနိုင်ငံ ဆစ်ဒနီဆိပ်ကမ်းသို့ ဆိုက်ရောက်လာတော့မည်ဖြစ်သည်။

စတင်ထွက်ခွာ

ပလတ်စတစ် အချိုရည်ဘူးများဖြင့် ပြုလုပ်ထားသော အဆိုပါ ရွက်လှေငယ်လေးသည် အရှည်ပေ ၆၀ရှိသည်။ ယခုနှစ် မတ် ၂၂ရက်က အမေရိကန်နိုင်ငံ ဆန်ဖရန်ဆစ္စကိုမြို့ဆိပ်ကမ်းမှ စတင်ထွက်ခွာခဲ့ခြင်းဖြစ်သည်။ ၎င်းနှင့်အတူ ရေယာဉ်အမှုထမ်းငါးဦးလည်း လိုက်ပါလာခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၅ ●